မန္တလေး နေ့စဉ်
The Mandalay Daily
၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။
အတွဲ(၂၉)၊ အမှတ်(၇၀)၊ ၁၃၈၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်၊ ၈–၂–၂၀၂၆၊ တနင်္ဂနွေနေ့။

**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ၂၀၂၅ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အဖွင့်အမှာစကားပြောကြားပြီး ရုပ်ရှင်တစ်သက်တာထူးချွန်ဆုများ ပေးအပ်ချီးမြှင့်

နေပြည်တော် ဖေဖော်ဝါရီ ၇

၂၀၂၅ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန – ၁ (MICC–1)၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အဖွင့်အမှာစကားပြောကြားပြီး ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၏ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့်ဇနီး၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ နာယကကြီးများ၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု စိစစ်အကဲဖြတ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံ ဟာသပညာရှင်များ အစည်းအရုံးတို့မှ တာဝန်ရှိသူများ၊ စာပေနှင့် သတင်းနယ်ပယ်များမှ အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ရုပ်ရှင်၊ စာပေ၊ သဘင်၊ ဂီတနယ်ပယ်အသီးသီးမှ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် အနုပညာရှင်များ၊ တာဝန်ရှိသူများနှင့် အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

စာမျက်နှာ ၃ သို့ ★

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုပ်ရှင်တစ်သက်တာထူးချွန်ဆုရရှိသည့် သရုပ်ဆောင် ဒေါ်ခင်လေးဆွေအား ဆုပေးအပ်ချီးမြှင့်စဉ်။



## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

နေပြည်တော် ဖေဖော်ဝါရီ ၇

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေပါသည်။

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အနည်းငယ် ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

မိုး/ဇလ

၂၀၂၆ ခုနှစ် ၊ ဖေဖော်ဝါရီ ၈ ရက် ၊ တနင်္ဂနွေနေ့ ။

မန္တလေး

## လျှပ်စစ်ဓာတ်အား ပြည့်ဝစွာ ထုတ်လုပ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိ

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်၏ စီးပွားရေးကဏ္ဍ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်အောင် ဘက်စုံကဏ္ဍစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မိမိတို့နိုင်ငံ၏ ပကတိအခြေအနေအရ စိုက်ပျိုးရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ (Agro - Based Industries) ကို အားပေးမြှင့်တင်ရန် ခိုင်မာသည့် မူဝါဒများ ချမှတ်၍ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ထိုသို့ ကုန်ထုတ်လုပ်ငန်းများ အပြည့်အဝလည်ပတ်နိုင်ရေးအတွက် အဓိက လိုအပ်သည့် အခြေခံအဆောက်အအုံသည် လျှပ်စစ်ဓာတ်အားဖြစ်သည့်အတွက် လိုအပ်သည့် လျှပ်စစ်ဓာတ်အားကို ပြည့်ဝစွာ ထုတ်လုပ်ပေးနိုင်ရန် မိမိတို့ဝန်ကြီးဌာနအနေဖြင့် စွမ်းအင်အရင်းအမြစ်မျိုးစုံမှ ဓာတ်အားထုတ်လုပ်ပေးနိုင်ရေး အလေးထားစီမံဆောင်ရွက်လျက်ရှိကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းက ဖေဖော်ဝါရီ ၆ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရုံးအမှတ်(၂၇) ရှိရှာခန်းမ၌ LNG မှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးမည့်အစီအစဉ်များနှင့် ပတ်သက်၍ တိုင်းဒေသကြီး၊ ပြည်နယ်များမှ အစိုးရအဖွဲ့ တာဝန်ရှိသူများ၊ စက်မှု၊ လက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံရာ၌ ပြောကြားခဲ့သည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဖျက်ဆီးခံရသည့် ဓာတ်အားလိုင်းများနှင့် ခွဲရုံများကို အချိန်နှင့်တစ်ပြေးညီ ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် LNG မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းသည် ဈေးနှုန်းကြီးမြင့်သော်လည်း လိုအပ်ချက်ကို ပြည့်မီစေရန်နှင့် ကုန်ထုတ်စွမ်းအားတိုးတက်စေရေး စက်မှုဇုန်များမှ အချိန်ပြည့် ထုတ်လုပ်နိုင်ရန် ရည်ရွယ်၍ အချိန်တိုအတွင်းရရှိမည့် LNG ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ LNG ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကုန်ကျစရိတ် မျှတစေရန်အတွက် စက်မှုနှင့် စီးပွားရေးလုပ်ငန်းများသို့ စီးပွားရေးနှုန်းထား (Economic Rate) တစ်ခု သတ်မှတ်ပြီး ယခုဖေဖော်ဝါရီ အသုံးမှစ၍ ဓာတ်အားခနှုန်းထားသစ် ၉၀၀ ကျပ်ဖြင့် ကောက်ခံသွားမည်ဖြစ်သည့်အတွက် ဇန်နဝါရီအသုံးယူနစ်များကို မီတာဖတ်သူနှင့် သုံးစွဲသူ နှစ်ဖက်သဘောတူ လက်မှတ်ရေးထိုးသွားရန် လိုအပ်ကြောင်း၊ ဓာတ်အားခနှုန်းထား တိုးမြှင့်သွားသော်လည်း လုပ်ငန်းရှင်များအတွက် ခိုင်မာသော စွမ်းအင်အာမခံချက်ရှိသည့် ကုန်ထုတ်လုပ်မှုဝန်းကျင်ကောင်းတစ်ခုကို ဖန်တီးပေးခြင်းဖြစ်သဖြင့် စီးပွားရေးလုပ်ငန်းရှင်ကြီးများအနေဖြင့် မိမိတို့လုပ်ငန်းများအောင်မြင်စွာ တိုးချဲ့ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

တိုင်းဒေသကြီး၊ ပြည်နယ်များမှ သယံဇာတရေးရာဝန်ကြီးများ၊ စက်မှုဇုန်များမှ တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များက စက်မှုနှင့် စီးပွားရေးလုပ်ငန်းများသို့ သတ်မှတ်နှုန်းထားအသစ်ဖြင့် ဓာတ်အားခကောက်ခံဆောင်ရွက်မည့်အခြေအနေများနှင့် ဓာတ်အားခတိုးမြှင့်ကောက်ခံမှုအပေါ် အားသာချက်၊ အားနည်းချက်များ၊ ဖြစ်ပေါ်လာသည့် အခက်အခဲများကို တင်ပြဆွေးနွေးကြသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက လျှပ်စစ်ဓာတ်အားကို ပြည့်ဝစွာထုတ်လုပ်ပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိရာ ပြည်သူလူထု သုံးစွဲနေသော ဓာတ်အားခနှုန်းထားများအနေဖြင့် ယခင်နှုန်းထားအတိုင်း ပြောင်းလဲမှုမရှိဘဲ ထားရှိမည်ဖြစ်ပြီး ပြည်သူလူထုမှ ပိုမိုသုံးစွဲနိုင်မည်ဖြစ်ရာ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြည်သူလူထုနှင့်စက်မှုလုပ်ငန်းရှင်များအားလုံး ပူးပေါင်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ၂၀၂၆ ခုနှစ်၊ (၂၂)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲ ကျင်းပမည်

(၂၂)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲကို ၇၈ လမ်းနှင့် သိပ္ပံလမ်းထောင့်၊ ဆင်ဖြူကန်ကွင်းအရှေ့ဘက်ခြမ်းနေရာတွင် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ (၁၂)ရက်မှ (၁၄)ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ ပြိုင်ပွဲတွင်-

(၁) ပန်းအလှပြုပြင်ခြင်းပြိုင်ပွဲ၊
(၂) ပန်းအလှပင်ပြိုင်ပွဲ၊
(၃) ရာသီပန်းအလှပင်ပြိုင်ပွဲ၊
(၄) အရွက်အလှပင်ပြိုင်ပွဲ၊
(၅) ရွက်လှပင်ပြိုင်ပွဲ၊
(၆) ပြည်တွင်းသစ်ခွပြိုင်ပွဲ၊
(၇) ပြည်ပသစ်ခွပြိုင်ပွဲ(ကတ်တလီးယားပြိုင်ပွဲ)၊
(၈) ပြည်ပသစ်ခွ(စင်ဘီးဒီးယမ်းပြိုင်ပွဲ)၊
(၉) ပြည်ပသစ်ခွ(ဗန်ဒါပြိုင်ပွဲ)၊
(၁၀) နှင်းဆီပင်အမျိုးမျိုးပြိုင်ပွဲ၊
(၁၁) ရှားစောင်းပင်ပြိုင်ပွဲ၊
(၁၂) သက်ကြီးပုပင်(ဘွန်ဆိုင်း)ပြိုင်ပွဲ၊
(၁၃) အသီးပါသည့် အလှအပင်ပြိုင်ပွဲ၊
(၁၄) ဟင်းသီးဟင်းရွက် အရွက်ပြိုင်ပွဲ (ဥပမာ-မုန်ညင်းရွက်)၊
(၁၅) ဟင်းသီးဟင်းရွက် အထုပ်ပြိုင်ပွဲ (ဥပမာ-ဂေါ်ဖီထုပ်၊ ပန်းမုန်လာထုပ်)၊
(၁၆) ဟင်းသီးဟင်းရွက် အသီးပါအပင်ပြိုင်ပွဲ (ဥပမာ-ခရမ်း၊ ငရုတ်)၊
(၁၇) ဟင်းသီးဟင်းရွက် ဥပြိုင်ပွဲ (ဥပမာ-မုန်လာဥ)၊
(၁၈) သစ်သီးပြိုင်ပွဲ (ဥပမာ-သင်္ဘောသီး၊ ဖရဲသီး)၊
(၁၉) ဟင်းသီး အသီးအလုံးလိုက်ပြိုင်ပွဲ (ဥပမာ-ဘူးသီး)၊
(၂၀) သစ်သီးဝလံအခိုင်လိုက်ပြိုင်ပွဲ (ဥပမာ-ငှက်ပျောခိုင်၊ အုန်းသီးခိုင်)၊
(၂၁) သစ်သီးဝလံဥပြိုင်ပွဲ (ဥပမာ-စိမ်းစားဥ၊ ကန်စွန်းဥ၊ ဝဥ၊ မျောက်ဥ)၊
(၂၂) ဟင်းသီး အသီးအနှံအတွဲလိုက်ပြိုင်ပွဲ (ဥပမာ-ခရမ်းချဉ်သီး)၊
(၂၃) သစ်သီးပုံဖော်အလှဆင်ခြင်းပြိုင်ပွဲ၊

ပြိုင်ပွဲအမျိုးအစားအားလုံးအတွက် ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆု(၃)ဆု ချီးမြှင့်မည်ဖြစ်ပါသည်။ ပါဝင်ယှဉ်ပြိုင်လိုသူများသည် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်များအား ဆင်ဖြူကန်ကွင်းအရှေ့ဘက်ခြမ်း ကွပ်ကဲရေးရုံးသို့ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၁၀ ရက် ရုံးချိန်အတွင်း ပေးပို့ရမည်။ ပန်းအလှပြုပြင်ခြင်းနှင့် သစ်သီးပုံဖော်အလှဆင်ခြင်း ပြိုင်ပွဲများအတွက် ပြိုင်ပွဲဝင်ပစ္စည်းများကို ဖေဖော်ဝါရီ ၁၁ ရက်၊ ၁၁ နာရီအထိ လက်ခံဆောင်ရွက်ပေးပါမည်။ အသေးစိတ်အချက်အလက်များကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန၊ ဖုန်း(၀၉-၂၀၀၁၀၄၉၊ ၀၉-၂၀၃၅၂၇၄၊ ၀၉-၂၀၁၉၃၉၅)တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးသွားမည်

**မန္တလေး ဖေဖော်ဝါရီ ၇**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာ ဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိလျက်သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်များမှာ ဖေဖော်ဝါရီ ၉ ရက်တွင် မဟာအောင်မြေမြို့နယ်၊ သံလျက်မော်အရှေ့ရပ်ကွက်၊ ၄၁ လမ်းထောင့်၊ သင်္ဂဇာမြောင်း အနောက်ဘက်နှင့် ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၅)ရပ်ကွက်၊ ၁၁၁ လမ်းနှင့် ၆၉ လမ်းထောင့်တို့တွင် လည်းကောင်း၊ ဖေဖော်ဝါရီ ၁၀ရက်တွင် ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ ၅၈လမ်း၊ ၁၂၈လမ်းနှင့် ၁၂၉လမ်းကြားတွင်လည်းကောင်း၊ ဖေဖော်ဝါရီ ၁၁ ရက်တွင်ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇ လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားနှင့် အမရပူရမြို့နယ်၊ ဈေးချိုရပ်ကွက်၊ ထန်းတပင်ရပ်၊ လမ်းငါးခွ၊ စစ်-မန်းလမ်း အရှေ့ဘက်တို့တွင်လည်းကောင်း၊ ဖေဖော်ဝါရီ ၁၂ နှင့် ၁၃ ရက်တို့တွင် ပြည်ထောင်စုနေ့ ရုံးပိတ်ရက်များဖြစ်သောကြောင့် သက်သာဈေးရောင်းချမှုကို ရပ်နားထားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့် သားသတ်ဌာနဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၆)




**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား mdydailynewspaper@gmail.com မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။ (မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း/၀၉-၇၅၁၁၇၀၁၁၉ ၃၅လမ်းနှင့် ၇၁လမ်းထောင့်

★ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက ဒစ်ဂျစ်တယ် စက်ခလုတ်ခုံပေါ်တွင် အကယ်ဒမီကြယ်စင်ရုပ်ကို စိုက်ထူ၍ ၂၀၂၅ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ထို့နောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ အနုပညာရှင်များက "မြန်မာ့ မြန်မာ့ ရုပ်ရှင်" တေးသီချင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက "ရွှေစင်ရုပ်တု အနုဂုဏ်ရောင်" တေးသီချင်းတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး "ပိုမိုတောက်ပမယ့် မနက်ဖြန်များ" မှတ်တမ်း Video Clip ကို ဖွင့်လှစ်ပြသသည်။

ယင်းနောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားရာတွင် ၁၉၂၀ ပြည့်နှစ်ကတည်းက ပေါ်ပေါက်ခဲ့သည့် မြန်မာ့ရုပ်ရှင်သမိုင်းသည် ယခုဆိုပါက နှစ်ပေါင်း (၁၀၆) နှစ်တိုင်ခဲ့ပြီဖြစ်ကြောင်း၊ ကုန်လွန်ခဲ့သည့် ရာစုနှစ်လွန်ကာလများကို မြန်မာ့ရုပ်ရှင်အနေဖြင့် ခေတ်စနစ်အမျိုးမျိုးကြားတွင် နိုင်ငံတော်၏ အရေးပါသည့် အခန်းကဏ္ဍများ၊ နိုင်ငံ၏ ပကတိအခြေအနေများ၊ ပျော်ရွှင်လွမ်းမောဖွယ်ရာ လူမှုဘဝများကို အနုပညာဖြင့် ထင်ဟပ်ဖော်ပြနိုင်ခဲ့သည့်အတွက် နိုင်ငံနှင့် ပြည်သူအပေါ် တာဝန်ကျေခဲ့ပြီဟု ပြောနိုင်မည်ဖြစ်ကြောင်း။

ရုပ်ရှင်အနုပညာသည် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အရေးပါသည့် အခြေခံ အင်အားတစ်ရပ်ပင်ဖြစ်ကြောင်း၊ နိုင်ငံနှင့်ပြည်သူများ၏ အတွေးအခေါ်ပိုင်း၊ စိတ်ဓာတ်ပိုင်းနှင့် တန်ဖိုးထားမှုများကို ထင်ဟပ်ဖော်ပြနိုင်သည့် အနုပညာဖြစ်သည့်အတွက် ရုပ်ရှင်အနုပညာကဏ္ဍနှင့် ယဉ်ကျေးမှုကဏ္ဍ မပါဝင်သည့် ဖွံ့ဖြိုးတိုးတက်မှုများသည် ပြီးပြည့်စုံမှုမရှိဘူးဟု ဆိုနိုင်ပါကြောင်း၊ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများ၏ နောက်ကွယ်တွင် စောင့်ထိန်းအပ်သည့် စရိုက်လက္ခဏာများ ပျက်စီးခြင်း၊ လူမျိုးတစ်မျိုး နိုင်ငံတစ်နိုင်ငံ၏ ကိုယ်ပိုင်အမှတ် သရုပ်လက္ခဏာများ ပျောက်ဆုံးခြင်း၊ အတုယူမှားခြင်းများ ကြုံတွေ့လာနိုင်သည်ကို သတိပြုကြရမည်ဖြစ်ကြောင်း။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၅ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဒစ်ဂျစ်တယ်စက်ခလုတ်ခုံပေါ်တွင် အကယ်ဒမီကြယ်စင်ရုပ်ကို စိုက်ထူ၍ ၂၀၂၅ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲ အခမ်းအနားကို ဖွင့်လှစ်ပေးစဉ်။

မြန်မာ့ရုပ်ရှင်သည် မြန်မာ့ယဉ်ကျေးမှု ဓလေ့စရိုက်များကို ကမ္ဘာနှင့် ဆက်သွယ်ပေးနိုင်သည့် ဘာသာစကားတစ်ခုဖြစ်ပြီး လူမျိုးတို့၏ဘာသာစကားများ၊ ယဉ်ကျေးမှုဓလေ့ထုံးစံများ၊ လူနေမှုဘဝများကို ကမ္ဘာသို့ ထုတ်ပြနိုင်သည့် မီဒီယာတစ်ခုလည်း ဖြစ်ကြောင်း၊ ထို့ကြောင့် ရုပ်ရှင်အနုပညာသည် နိုင်ငံ တည်ဆောက်ရေးအတွက် အင်အားတစ်ရပ်ဖြစ်သကဲ့သို့ နိုင်ငံတော်၏ စိတ်ဝိညာဉ်လည်းဖြစ်သည်ဟု ပြောကြားလိုကြောင်း။

နိုင်ငံတစ်ခု လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုအဆင့်အတန်း ပြယုဂ်ကို လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားမှုများက တစ်ဆင့်ပြသနိုင်မည် ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း မိမိတို့၏ဘာသာအယူဝါဒများ၊ ဓလေ့ထုံးစံများ၏ အဆုံးအမနှင့် လမ်းညွှန်မှုများ၊ ကိုယ်အမူအရာများ၊ စိတ်နေစိတ်ထားသိမ်မွေ့မှုများ၊ စာနာထောက်ထားမှုများ၊ ယဉ်ကျေးသည့် လူ့အဖွဲ့အစည်းများ ထူထောင်ပေးမှုများ၊ ခေတ်ကာလအလျောက် ထွန်းကားလာသည့် ယဉ်ကျေးမှုအနုပညာများအပေါ် ခံစားနားလည်မှုများ၊ မြတ်နိုးတန်ဖိုးထားမှုများနှင့် ဖွံ့ဖြိုးတိုးတက်အောင် လေ့ကျင့်ပျိုးထောင်မှုများ ရှိလာနေသည်ကို တွေ့မြင်နိုင်ကြမည်ဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုကို ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်နှင့် ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်ဆိုသည့် နယ်ပယ်နှစ်ခုဖြင့် မိမိတို့ ခွဲခြားသိမြင်ထားကြကြောင်း၊ လူမျိုးတစ်မျိုး၏ပြောဆိုသည့် ဘာသာစကား၊ အတွေးအခေါ်၊ ဓလေ့စရိုက်၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ ကိုးကွယ်ယုံကြည်မှုနှင့် ရိုးရာဓလေ့ထုံးစံများ၊ အတွေးအခေါ်များ၊ လက်မှုအနုပညာနှင့် အနုသုခုမပညာများ ပေါင်းခြုံထားသည့် ယဉ်ကျေးမှုကို ဒြပ်မဲ့ယဉ်ကျေးမှုဟု ခေါ်ဆိုကြပြီး လူမျိုးတစ်မျိုး၏ ပြုလုပ်သုံးစွဲခဲ့သည့် ကိုင်တွယ်ထိတွေ့၍ ရသည့် ပစ္စည်းအားလုံးကို ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်ဟု ခေါ်ဆိုကြကြောင်း။

စာမျက်နှာ ၄ သို့ ★



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခင်းကျင်း ပြသထားသည့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုစဉ်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများ အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

★ စာမျက်နှာ ၃ မှ

မိမိတို့ မြန်မာနိုင်ငံတွင်ရှိသည့် ယဉ်ကျေးမှုအမွေအနှစ်များသည် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ရှိသည့် ယဉ်ကျေးမှုအမွေအနှစ်များကဲ့သို့ ထူးခြားလေးနက်သည့် ဝိသေသနှင့် အဓိပ္ပာယ်များရှိနေကြောင်း၊ ရုပ်ရှင်လောကသားအားလုံးသည် ရှေးရှေးဘိုးဘွားဘီဘင်တို့ ထားရှိခဲ့သည့် တန်ဖိုးမဖြတ်နိုင်သော နိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များကို နောင်လာနောက်သားမျိုးဆက်သစ် သားစဉ်မြေးဆက်အထိ လက်ဆင့်ကမ်းသယ်ဆောင်ပေးနိုင်စွမ်းရှိကြသည့် အနုပညာရှင်များ ဖြစ်ကြကြောင်း၊ ထို့ကြောင့် ကျွန်တော်တို့၏ ဒြပ်ရှိ၊ ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်အားလုံးကို လူသားအားလုံးနှင့် သက်ဆိုင်သည့် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်များအဖြစ် ထိန်းသိမ်းကာကွယ်ပြီး တန်ဖိုးထားလုပ်ဆောင်ပေးကြရန် အလေးအနက်တိုက်တွန်းပြောကြားလိုကြောင်း။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုပ်ရှင်တစ်သက်တာ ထူးချွန်ဆုရရှိသည့် ဦးငွေအောင်(ဆွေဗမာ)အား ဆုပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုပ်ရှင်တစ်သက်တာ ထူးချွန်ဆုရရှိသည့် ဒါရိုက်တာ အကယ်ဒမီ ဦးကြည်စိုးထွန်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

ယခုအချိန်တွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာပြီးဆုံးခဲ့ပြီး မကြာမီအုပ်ချုပ်ရေးကဏ္ဍ၊ ဥပဒေပြုရေးကဏ္ဍ၊ တရားစီရင်ရေးကဏ္ဍများတွင် ဒီမိုကရေစီနှင့် လိုက်လျောညီထွေဖြစ်မည့် အင်စတီကျူးရှင်းများ ပြန်လည် ပေါ်ပေါက်လာတော့မည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကြီး အောင်မြင်အောင် ဝိုင်းဝန်းကူညီ ပါဝင်ဆောင်ရွက်ပေးခဲ့ကြသည့် အနုပညာရှင်များနှင့် တိုင်းရင်းသား ပြည်သူအားလုံးကို ကျေးဇူးတင်ရှိကြောင်း။

**ဒီမိုကရေစီ**ဆိုသည်မှာ ပြည်သူလူထုအုပ်ချုပ်သည့် စနစ်ဟု ပြောနိုင်သော်လည်း ယင်းဒီစနစ်ကို ကျင့်သုံးနိုင်ရန်အတွက် ဆောင်ရွက်ကြရသည့် ဒီမိုကရေစီ ကူးပြောင်းရေးလုပ်ငန်းစဉ်များကို **“ဒီမိုကရက်တိုင်ဖေးရှင်း”** ဟု ခေါ်ဆိုကြခြင်း ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် ပြောရလျှင် ဗဟိုဦးစီးအုပ်ချုပ်ရေးစနစ်ကနေ ဒီမိုကရေစီအုပ်ချုပ်ရေး စနစ်ကို ကူးပြောင်းရာတွင် ချက်ချင်းလက်ငင်းပြီးပြီးရော ပြောင်းလဲပေး၍မရဘဲ အဆင့်ဆင့်ကူးပြောင်းရခြင်းကို ဒီမိုကရက်တိုင်ဖေးရှင်းဟု ခေါ်ဆိုကြခြင်းဖြစ်ကြောင်း၊ ယင်းအဆင့်ကို ရောက်ရန်ဆိုပါက မိမိတို့ လူ့အဖွဲ့အစည်းအားလုံးက ပကတိအခြေအနေကို မျက်နှာမူကြရပါကြောင်း၊ လက်တွေ့မကျသည့် ဆွဲဆောင်စည်းရုံးမှုများကို အများအကြိုက် လှုံ့ဆော်နှိုးဆွပေး၍မရသကဲ့သို့ မိမိတို့၏ စိတ်ဆန္ဒများကို ရှေ့တန်းတင်၍

စာမျက်နှာ ၅ သို့ ★



ပြည်ထောင်စုဝန်ကြီးဦးမောင်မောင်အုန်း “မြေစာ”ဇာတ်ကားဖြင့် အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆုရရှိသည့် အကယ်ဒမီမြင့်မြတ်အား ဆုပေးအပ်ချီးမြှင့်စဉ်။



“မောင့်မိဖုရား” ဇာတ်ကားဖြင့် အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆုရရှိသည့် ရတနာဗိုဆုလက်ခံရယူစဉ်။

- ✧ မိမိတို့ မြန်မာနိုင်ငံတွင်ရှိသည့် ယဉ်ကျေးမှုအမွေအနှစ်များသည် ကမ္ဘာ့နိုင်ငံအသီးသီးတွင်ရှိသည့် ယဉ်ကျေးမှုအမွေအနှစ်များကဲ့သို့ ထူးခြားလေးနက်သည့်ဝိသေသနှင့် အဓိပ္ပာယ်များရှိနေ
- ✧ ရုပ်ရှင်လောကသားအားလုံးသည် ရှေးရှေးဘိုးဘွားဘီဘင်တို့ထားရှိခဲ့သည့် တန်ဖိုးမဖြတ်နိုင်သော နိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များကို နောင်လာနောက်သားမျိုးဆက်သစ်သားစဉ်မြေးဆက်အထိ လက်ဆင့်ကမ်းသယ်ဆောင်ပေးနိုင်စွမ်းရှိကြသည့် အနုပညာရှင်များဖြစ်
- ✧ ကျွန်တော်တို့၏ ဒြပ်ရှိ၊ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အားလုံးကို လူသားအားလုံးနှင့်သက်ဆိုင်သည့် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်များအဖြစ် ထိန်းသိမ်းကာကွယ်ပြီး တန်ဖိုးထားလုပ်ဆောင်



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်း၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးကြည်စိုးထွန်းတို့ ၂၀၂၅ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ရရှိကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်စဉ်။

★ စာမျက်နှာ ၄ မှ

ချဉ်းကပ်၍လည်း မဖြစ်နိုင်ကြောင်း၊ ဒီမိုကရက်တိုင်ဖေးရှင်း အခြေတည်ရာ လူ့အဖွဲ့အစည်း၏ လူမှုစီးပွားအနေအထားများ၊ လူမှုအုပ်စုများ၏ စုဖွဲ့ဖြစ်တည်ပုံများနှင့် နိုင်ငံရေးယဉ်ကျေးမှုတို့၏ အပေါ်တွင်သာ အခြေခိုင်ခိုင် ဆောင်ရွက်ရသည့်သဘောရှိသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း။

ကမ္ဘာ့နိုင်ငံအသီးသီးတွင် ဒီမိုကရက်တိုင်ဖေးရှင်းပုံစံများ မျိုးစုံရှိကြသော်လည်း မိမိတို့မြန်မာနိုင်ငံ၏ ဒီမိုကရက်တိုင်ဖေးရှင်းပုံစံမှာ ဒီမိုကရေစီစံနှုန်းများကို အခြေပြုစတင်ခဲ့ခြင်း မဟုတ်ကြောင်း၊ တိုင်းပြည်၏ပကတိအခြေအနေဖြင့် လူမှုစီးပွားဖြစ်ထွန်းမှုများ၊ သမိုင်းကြောင်းတစ်လျှောက် ကြုံတွေ့ခဲ့ရသည့် နိုင်ငံရေးဓလေ့ ဖွံ့ဖြိုးမှုများအပေါ် အခြေခံစဉ်းစားပြီး ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းပြီးပုံစံ (Imposed Transition) ဖြင့် ကူးပြောင်းခဲ့ရသည့် ပြောင်းလဲမှုဖြစ်စဉ်ပင်ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီကူးပြောင်းရေးလုပ်ငန်းစဉ်များအတွက် မပျက်မကွက် လိုက်နာ ဆောင်ရွက်ရမည့် အသက်ခန္ဓာကြီးတစ်ခုဖြစ်သည်ကို နိုင်ငံရေးတွင် ပါဝင်ပတ်သက်ကြသည့် ပုဂ္ဂိုလ်များနှင့် ပြည်သူအားလုံးက သိရှိထားရန် လိုအပ်မည် ဖြစ်ကြောင်း။

နိုင်ငံတော် အစိုးရအနေဖြင့် နိုင်ငံ၏အကျိုး၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အကျိုးကို ရှေးရှုပြီး ပိုမိုကောင်းမွန်သည့် နိုင်ငံတော်နှင့် ပိုမိုကောင်းမွန်သည့် လူမှုစီးပွားဘဝများကို ဖြစ်ထွန်းပေါ်ပေါက်လာအောင် ကြိုးပမ်းဆောင်ရွက်ပေးလျက် ရှိကြောင်း၊ ကမ္ဘာကြီး၏ မျက်မှောက်အခြေအနေအရဖြစ်စေ၊ မိမိတို့နိုင်ငံ၏ ပကတိအခြေအနေအရ ဖြစ်စေ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေးသုံးပါးသည် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံး အမျိုးသားရေး ရည်မှန်းချက်၊ အမျိုးသားရေး တာဝန်များပင် ဖြစ်ပါကြောင်း။

ယနေ့အချိန်တွင် နိုင်ငံတော် အစိုးရသည် ဒို့တာဝန်အရေး သုံးပါးကို အရင်းမူတည်ထားပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များ ချမှတ်ဆောင်ရွက်လျက်ရှိသည့်အတွက် မြန်မာနိုင်ငံသားအားလုံးက တစ်သွေးတစ်သားတည်းသော စည်းလုံးညီညွတ်သည့် အမျိုးသားရေး စိတ်ဓာတ်များဖြင့် နိုင်ငံတော်ကြီး အေးချမ်းသာယာရန်နှင့် ဖွံ့ဖြိုးတိုးတက်ရန်အတွက် အတူတကွ လက်တွဲ အကောင်အထည်ဖော်ပေးကြရန်လည်း ထပ်မံတိုက်တွန်းပြောကြားလိုပါကြောင်း။

မကြာမီအချိန်တွင် ၂၀၂၅ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ရရှိကြသူများကို ဖွင့်ဖောက်ကြေညာပြီး ဆုများချီးမြှင့်ပေးအပ်မည်ဖြစ်ကြောင်း၊ ၂၀၂၅ ခုနှစ်အတွင်း မြန်မာ့ရုပ်ရှင်ဇာတ်ကား ၇၂ ကား ရုံတင်ပြသနိုင်ခဲ့ပြီး ယင်းဇာတ်ကားများအနက်မှ ထူးချွန်သည့်အနုပညာရှင်၊ အတတ်ပညာရှင်များကို အဆင့်ဆင့်စိစစ်အကဲဖြတ်ကာ ဆုများ ပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ မြန်မာ ရုပ်ရှင်ဇာတ်ကားများကို ယခင်နှစ်များထက် ပိုမိုရုံတင်ပြသနိုင်ခဲ့ခြင်းသည် ရုပ်ရှင်လောကပုံမှန် ပြန်လည်သက်ဝင်လှုပ်ရှားနိုင်ခဲ့ကြောင်း ပြသခြင်းဖြစ်သည့်အတွက် ရုပ်ရှင်အစည်းအရုံးနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများ၊ အနုပညာရှင်များ အားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

မိမိအနေဖြင့် နှစ်စဉ်တိုက်တွန်းပြောကြားခဲ့သည့် စကားတစ်ခွန်းကို ယခုနှစ်တွင်လည်း ပြန်လည်တိုက်တွန်းပြောကြားလိုကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် စာပေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင် စသည့် နယ်ပယ်ကဏ္ဍ အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်လာရန် အတွက် ဖြစ်သင့်ဖြစ်ထိုက်သည့် အားပေးကူညီမှုများကို လုပ်ဆောင်ပေးခဲ့



အကောင်းဆုံးဝတ်စားဆင်ယင်မှုဆု (အမျိုးသားအကြီးတန်း) ရရှိသည့် အကယ်ဒမီနေတိုး ဆုလက်ခံရယူစဉ်။



အကောင်းဆုံးဝတ်စားဆင်ယင်မှုဆု (အမျိုးသမီးအကြီးတန်း) ရရှိသည့် အကယ်ဒမီမေသန်းနု ဆုလက်ခံရယူစဉ်။



အကောင်းဆုံးဝတ်စားဆင်ယင်မှုဆု (အမျိုးသားအငယ်တန်း) ရရှိသည့် ကောင်းမြတ်စံ ဆုလက်ခံရယူစဉ်။



အကောင်းဆုံးဝတ်စားဆင်ယင်မှုဆု (အမျိုးသမီးအငယ်တန်း) ရရှိသည့် ရတနာဗို ဆုလက်ခံရယူစဉ်။

ပြီး ဆက်လက်၍လည်း ကူညီပံ့ပိုးဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ ရုပ်ရှင်အနုပညာရှင်များကလည်း ပြည်သူများကို ဖျော်ဖြေရေးသက်သက်သာမက နိုင်ငံ၏ ယဉ်ကျေးမှုနှင့် ချစ်စဖွယ်မြန်မာ့ဓလေ့ မြန်မာ့စရိုက်၊ မြန်မာ့ရေမြေ၊ တော၊ တောင် သဘာဝအလှအပများကိုဖော်ညွှန်းပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုရိုက်ကူးတင်ဆက်ပေးရန် မှာကြားလိုကြောင်း၊ အမျိုးသားရေးနှင့်ယှဉ်ပြီး တိုင်းချစ်ပြည်ချစ်စိတ်၊ မျိုးချစ်စိတ် ထွန်းကားရေး၊ ပြည်သူများ အသိပညာတိုးတက်ရေး၊ နိုင်ငံတော်၏ ဦးတည်ချက်များ အောင်မြင်စေရေးတို့အတွက် ရိုက်ကူးတင်ဆက်ပေးကြရန် ထပ်လောင်းတိုက်တွန်းပြောကြားလိုပါကြောင်း။

စာမျက်နှာ ၆ သို့ ★



"မြစ်လက်တက်ပေမဲ့ ရေစီးကကြမ်းတယ်" ဇာတ်ကားဖြင့် အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆုရရှိသည့် နေမျိုးအောင် ဆုလက်ခံရယူစဉ်။



"မောင့်မိဖုရား" ဇာတ်ကားဖြင့် အကောင်းဆုံး အမျိုးသမီး ဇာတ်ပို့ဆုရရှိသည့် ခိုင်နှင်းဝေ ဆုလက်ခံရယူစဉ်။



"ဗြောသံ" ဇာတ်ကားဖြင့် အကောင်းဆုံး ရုပ်ရှင်ဒါရိုက်တာဆု ရရှိသည့် အကယ်ဒမီ ဩရသ ဆုလက်ခံရယူစဉ်။



"ပန်းမြိုင်လယ်မှ ဥယျာဉ်မှူး" ဇာတ်ကားဖြင့် အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားဆုရရှိသည့် Hein Film Production မှ တာဝန်ရှိသူများ ဆုလက်ခံရယူစဉ်။



"မောင့်မိဖုရား"ဇာတ်ကားဖြင့် အကောင်းဆုံးရုပ်ရှင် ဇာတ်ညွှန်းဆုရရှိသည့် သီလံ ဆုလက်ခံရယူစဉ်။



"မြို့ပြထဲက လမ်းမ"ဇာတ်ကားဖြင့် အကောင်းဆုံး ရုပ်ရှင် တည်းဖြတ်ဆုရရှိသည့် အကယ်ဒမီ ခွန် ဆုလက်ခံရယူစဉ်။

★ စာမျက်နှာ ၅ မှ

ယခုနှစ်တွင်လည်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ဖွဲ့စည်းထားရှိသည့် ဆုရွေးချယ်ရေးအဖွဲ့ဝင်များက ရွေးချယ်ပေးကြသည့်ဆုများကို မကြာမီ ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊ ယခုနှစ်တွင် ထူးချွန်ဆုရရှိသည့် အနုပညာရှင်များအနေဖြင့် အနုပညာလုပ်ငန်းများကို ဆက်လက်အောင်မြင်တိုးတက်စေရန် အတွက် အင်အားများ ပိုမိုရရှိပြီး မိမိတို့၏ အနုပညာအလုပ်များကို ပိုမိုအားထုတ် ကြိုးပမ်းသွားကြမည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း။

အလားတူ ထူးချွန်ဆုမရရှိသေးသည့် အနုပညာရှင်များအနေဖြင့်လည်း လာမည့်နှစ်ကာလများတွင် မိမိတို့၏ အနုပညာစွမ်းပကားများကို မြှင့်တင်ပြီး ထူးချွန်ဆုများဆွတ်ခူးနိုင်ကြပါစေဟု ဆန္ဒပြုတိုက်တွန်းလိုကြောင်း၊ အထူးမေတ္တာရပ်ခံလိုသည်မှာ မြန်မာ့ဓလေ့စရိုက်များ မမှေးမှိန်၊ မပျောက်ပျက်စေရန်၊ တိုင်းတစ်ပါးယဉ်ကျေးမှုဓလေ့စရိုက် လွှမ်းမိုးလာမှုကို ကာကွယ်တားဆီးပြီး အရိုးပေါ် အရွက်မဖုံးစေရန်၊ ပြောင်းလဲလာနေသည့်ခေတ်ရေစီးကြောင်းပေါ်တွင် လိုက်လျောညီထွေစွာလိုက်ပါလျက် နိုင်ငံနှင့် လူမျိုးအကျိုးအတွက် မိမိတို့တတ်ကျွမ်းသည့် အနုပညာကို အခြေတည်ပြီး အမျိုးသားရေးစိတ်ဓာတ်ဖြင့် ဖော်ဆောင်ပေးကြရန် တိုက်တွန်းပါကြောင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ အကယ်ဒမီများရှင် ဦးကြည်စိုးထွန်းက ဝမ်းမြောက်စကား ပြောကြားသည်။

ထို့နောက် အခမ်းအနားမှူးက ၂၀၂၅ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ပါဝင်ကူညီပေးကြသည့် ရွှေကြို မောင်/မယ်များအား တစ်ဦးချင်း မိတ်ဆက်ပေးသည်။

ယင်းနောက် ၂၀၂၅ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုများကို ပေးအပ်ချီးမြှင့်ရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ၂၀၂၅ ခုနှစ် အတွက် မြန်မာ့ရုပ်ရှင် တစ်သက်တာဆု ရရှိကြသူများအား ဖွင့်ဖောက်ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် အနုပညာရှင်၊ အတတ်ပညာရှင်များအပါအဝင် ရုပ်ရှင်လောကသားအားလုံးက လှိုက်လှဲဂုဏ်ယူစွာချီးမြှင့်သည့် ရုပ်ရှင်တစ်သက်တာထူးချွန်ဆု ရရှိကြသော ဦးငွေအောင်(ဆွေဗမာ)၊ သရုပ်ဆောင် ဒေါ်ခင်လေးဆွေနှင့် ဒါရိုက်တာ အကယ်ဒမီ ဦးကြည်စိုးထွန်းတို့အား ဆုများပေးအပ်ချီးမြှင့်ပြီး မှတ်တမ်းတင် စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ရုပ်ရှင်တစ်သက်တာ ထူးချွန်ဆုရရှိကြသည့် အနုပညာရှင်များက ဝမ်းမြောက်ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ၂၀၂၅ ခုနှစ်အတွက် ရုပ်ရှင်အတတ်ပညာဆုနှင့် ရုပ်ရှင်အနုပညာဆုများကို ဖွင့်ဖောက်ကြေညာရာ အကောင်းဆုံး ရုပ်ရှင်ဓာတ်ပုံဆုကို "နှင်းပွင့်စေရာ" ဇာတ်ကားဖြင့် သားကျော်၊ အကောင်းဆုံး ရုပ်ရှင်တေးဂီတဆုကို "မြစ်လက်တက်ပေမဲ့ ရေစီးကကြမ်းတယ်" ဇာတ်ကားဖြင့် ဟန်ထူးဇင်၊ အကောင်းဆုံး ရုပ်ရှင်အသံဆုကို "နတ်ဝင်သည်" ဇာတ်ကားဖြင့် ကိုဂျိုး၊ အကောင်းဆုံး ရုပ်ရှင်တည်းဖြတ်ဆုကို "မြို့ပြထဲက လမ်းမ" ဇာတ်ကားဖြင့် အကယ်ဒမီ ခွန်၊ အကောင်းဆုံး ရုပ်ရှင် ဇာတ်ညွှန်းဆုကို "မောင့်မိဖုရား" ဇာတ်ကားဖြင့် သီလံ၊ အကောင်းဆုံး ရုပ်ရှင် ဇာတ်ကားဆုကို "ပန်းမြိုင်လယ်မှ ဥယျာဉ်မှူး" ဇာတ်ကားဖြင့် Hein Film Production တို့က ရရှိကြသည်။

ဆက်လက်၍ ထူးချွန်ဆုရရှိကြသူများအား ဝါရင့်အကယ်ဒမီဆုများ



"နတ်ဝင်သည်" ဇာတ်ကားဖြင့် အကောင်းဆုံး ရုပ်ရှင်အသံဆု ရရှိသည့် ကိုဂျိုး ဆုလက်ခံရယူစဉ်။

ရှင် အနုပညာရှင်ကြီးများက အကယ်ဒမီ ရွှေစင်ရုပ်တုများ ပေးအပ်ချီးမြှင့်ကြပြီး မြန်မာ့ရုပ်ရှင် ထူးချွန်ဆုရရှိသူများက ကျေးဇူးတင်စကားပြောကြားကြသည်။

စာမျက်နှာ ၇ သို့ ★



"မြစ်လက်တက်ပေမဲ့ ရေစီးကကြမ်းတယ်" ဇာတ်ကားဖြင့် အကောင်းဆုံးရုပ်ရှင်တေးဂီတဆုရရှိသည့် ဟန်ထူးဇင် ဆုလက်ခံရယူစဉ်။



"နှင်းပွင့်စေရာ"ဇာတ်ကားဖြင့် အကောင်းဆုံး ရုပ်ရှင်ဓာတ်ပုံဆု ရရှိသည့် သားကျော် ဆုလက်ခံရယူစဉ်။



မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ အကယ်ဒမီများရှင် ဦးကြည်စိုးထွန်း ဝမ်းမြောက်စကား ပြောကြားစဉ်။

## ၂၀၂၅ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် တစ်သက်တာထူးချွန်ဆုရရှိသူများ

| စဉ် | ဆုရရှိသူ |
|---|---|
| ၁။ | ဦးငွေအောင် |
| ၂။ | ဒေါ်ခင်လေးဆွေ |
| ၃။ | ဦးကြည်စိုးထွန်း |

## ၂၀၂၅ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိသူများ

| စဉ် | ဆုအမျိုးအစား | ဆုရရှိသူ | ဇာတ်ကားအမည် |
|---|---|---|---|
| ၁။ | အကောင်းဆုံး ရုပ်ရှင်ဓာတ်ပုံဆု | သားကျော် | နှင်းပွင့်စေရာ |
| ၂။ | အကောင်းဆုံး ရုပ်ရှင်တေးဂီတဆု | ဟန်ထူးဇင် | မြစ်လက်တက်ပေမဲ့ ရေစီးကကြမ်းတယ် |
| ၃။ | အကောင်းဆုံး ရုပ်ရှင်အသံဆု | ကိုဂျိုး | နတ်ဝင်သည် |
| ၄။ | အကောင်းဆုံး ရုပ်ရှင်တည်းဖြတ်ဆု | ခွန်(Khun) | မြို့ပြထဲကလမ်းမ |
| ၅။ | အကောင်းဆုံး ရုပ်ရှင်ဇာတ်ညွှန်းဆု | သီလံ | မောင့်မိဖုရား |
| ၆။ | အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားဆု | ဟိန်းရုပ်ရှင်ထုတ်လုပ်ရေး | ပန်မြိုင်လယ်မှ ဥယျာဉ်မှူး |
| ၇။ | အကောင်းဆုံး ရုပ်ရှင်ဒါရိုက်တာဆု | ဩရသ | ဗြောသံ |
| ၈။ | အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆု | ခိုင်နှင်းဝေ | မောင့်မိဖုရား |
| ၉။ | အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆု | နေမျိုးအောင် | မြစ်လက်တက်ပေမဲ့ ရေစီးကကြမ်းတယ် |
| ၁၀။ | အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆု | ရတနာဗို | မောင့်မိဖုရား |
| ၁၁။ | အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆု | မြင့်မြတ် | မြေစာ |

★ စာမျက်နှာ ၆ မှ

ထို့နောက် ၂၀၂၅ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသည့် အနုပညာရှင်များထဲမှ ရွေးချယ်ပေးအပ်သော အကောင်းဆုံး ဝတ်စားဆင်ယင်မှုဆုများ (Myanmar Academy Fashion Awards)ကို ပေးအပ်ချီးမြှင့်ရာ အကောင်းဆုံး အမျိုးသားဝတ်စားဆင်ယင်မှု အကြီးတန်းဆုကို အကယ်ဒမီ နေတိုး၊ အကောင်းဆုံး အမျိုးသမီး ဝတ်စားဆင်ယင်မှုဆုကို အကယ်ဒမီ မေသန်းနု၊ အကောင်းဆုံး အမျိုးသားဝတ်စားဆင်ယင်မှုဆုကို ကောင်းမြတ်စံ၊ အကောင်းဆုံးအမျိုးသမီး ဝတ်စားဆင်ယင်မှုဆုကို ရတနာဗိုတို့က ရရှိကြပြီး အကယ်ဒမီများရှင် ဆွေဇင်ထိုက်က ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ၂၀၂၅ ခုနှစ်အတွက် ရုပ်ရှင်အတတ်ပညာဆုနှင့် ရုပ်ရှင်အနုပညာဆုများကို ဖွင့်ဖောက်ကြေညာရာ အကောင်းဆုံး ရုပ်ရှင်ဒါရိုက်တာဆုကို "ဗြောသံ" ဇာတ်ကားဖြင့် အကယ်ဒမီဩရသ၊ အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆုကို "မောင့်မိဖုရား"ဇာတ်ကားဖြင့် ခိုင်နှင်းဝေ၊ အကောင်းဆုံး အမျိုးသား ဇာတ်ပို့ဆုကို "မြစ်လက်တက်ပေမဲ့ ရေစီးကကြမ်းတယ်" ဇာတ်ကားဖြင့် နေမျိုးအောင်၊ အကောင်းဆုံး အမျိုးသမီး ဇာတ်ဆောင်ဆုကို "မောင့်မိဖုရား"ဇာတ်ကားဖြင့် ရတနာဗို၊ အကောင်းဆုံး အမျိုးသား ဇာတ်ဆောင်ဆုကို "မြေစာ" ဇာတ်ကားဖြင့် အကယ်ဒမီ မြင့်မြတ်တို့က ရရှိကြသည်။

### ပေးအပ်ချီးမြှင့်

ဆက်လက်၍ ထူးချွန်ဆုရရှိကြသူများကိုပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဝါရင့်အကယ်ဒမီဆုများရှင် အနုပညာရှင်ကြီးများက အကယ်ဒမီ ရွှေစင်ရုပ်တုများ ပေးအပ်ချီးမြှင့်ကြပြီး မြန်မာ့ရုပ်ရှင် ထူးချွန်ဆုရရှိသူများက ကျေးဇူးတင်စကား ပြောကြားကြသည်။

မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ ကျင်းပစဉ်အတွင်း အနုပညာရှင်များက တေးသီချင်းများ၊ အကအလှများဖြင့် အလှည့်ကျ ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌတို့သည် ၂၀၂၅ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ရရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် ရုပ်ရှင်၊ စာပေ၊ သဘင်၊ ဂီတ နယ်ပယ် အသီးသီးမှ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် အနုပညာရှင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

၁၉၂၀ ပြည့်နှစ်မှ စတင်ခဲ့သည့် မြန်မာ့ရုပ်ရှင်သည် အခုဆိုလျှင် နှစ်ပေါင်း(၁၀၆) နှစ်သို့ ရောက်ရှိခဲ့ပြီဖြစ်သည်။ မြန်မာ့ရုပ်ရှင် အဆင့်အတန်း မြင့်မားရေးကို ရေးရှု၍ ၁၉၅၂ ခုနှစ်ကစတင်ပြီး မြန်မာ့ရုပ်ရှင် အဆင့်အတန်း မြှင့်တင်ရေး အကဲဖြတ်အဖွဲ့သည် မြန်မာ့ရုပ်ရှင်လောကသား ထူးချွန်ထက်မြက်သည့် အနုပညာရှင် အတတ်ပညာရှင်များကို ရွေးချယ်ကာ ထူးချွန်ဆုချီးမြှင့်ခဲ့သည်မှာ ယနေ့ကျင်းပသည့် ၂၀၂၅ ခုနှစ်အတွက် အကောင်းဆုံး မြန်မာ့ရုပ်ရှင် ထူးချွန်ဆုပေးပွဲသည် (၇၄)နှစ်အတွင်းတွင် (၆၇)ကြိမ်မြောက် ချီးမြှင့်ခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ဖူဆယ်ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၇**

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်မည့် (၇၉)နှစ်မြောက်ပြည်ထောင်စုနေ့ အထိမ်းအမှတ် ဖူဆယ်ဘောလုံး ပြိုင်ပွဲကို ယနေ့နံနက် ၈ နာရီက ချမ်းမြသာစည်မြို့နယ် အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး)ဖူဆယ်ဘောလုံးအားကစားကွင်းတွင်ကျင်းပရာ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများ၊ နည်းပြများနှင့် အားကစားသမားများ၊ ကြည့်ရှုအားပေးသူများဖြင့် စည်ကားလျက်ရှိသည်။



အုပ်စုပြိုင်ပွဲများကို ကျင်းပရာ အုပ်စု(က)တွင် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနအသင်းက ငါးဂိုးနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအသင်းက ဂိုးမရှိ၊ တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာနအသင်းက ခြောက်ဂိုးနှင့် အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)အသင်းက တစ်ဂိုး၊ အုပ်စု(ခ)ပွဲစဉ်တွင် ဈေးနှင့်သားသတ်ဌာနအသင်းက ၁၀ ဂိုးနှင့် တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအသင်းက လေးဂိုး၊ တိုင်းဒေသကြီးပညာရေးမှူးရုံးအသင်းက သုံးဂိုးနှင့် အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (မန္တလေး) အသင်းက ခုနစ်ဂိုးတို့ဖြင့် အသီးသီး ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ဖေဖော်ဝါရီ ၈ ရက်နေ့ အုပ်စု(က)ပွဲစဉ်တွင် အားကစားနှင့်ကာယပညာသိပ္ပံ (မန္တလေး) အသင်းနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအသင်း၊ တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနအသင်းနှင့် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနအသင်းတို့က လည်းကောင်း၊ အုပ်စု(ခ)ပွဲစဉ်တွင် အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (မန္တလေး) အသင်းနှင့် တိုင်းဒေသကြီးပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအသင်း၊ တိုင်းဒေသကြီး ပညာရေးမှူးရုံးအသင်းနှင့် ဈေးနှင့်သားသတ်ဌာနအသင်းတို့က အုပ်စုပတ်လည်ပြိုင်ပွဲများ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၉ ရက်တွင် (က)အုပ်စုပထမရရှိသောအသင်းနှင့် (ခ)အုပ်စုဒုတိယရရှိသော အသင်းတို့ကလည်းကောင်း၊ (ခ)အုပ်စုပထမရရှိသောအသင်းနှင့် (က)အုပ်စု ဒုတိယရရှိသော အသင်းတို့က အကြိုဗိုလ်လုပွဲနှင့် ဖေဖော်ဝါရီ ၁၀ ရက်တွင် တတိယနေရာလုပွဲကို လည်းကောင်း၊ ဖေဖော်ဝါရီ ၁၁ ရက်တွင် ဗိုလ်လုပွဲကို ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၃)

| အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၄)အနိုင်၊ အရှုံး | | | (NGB) |
|---|---|---|---|
| ဂျီရိုနာ | ၂ - ၃ | နာပိုလီ | |

| ဂျာမန်ဘွန်ဒက်စလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၁)အနိုင်၊ အရှုံး | | | (NGB) |
|---|---|---|---|
| ဖရိုင်းဘတ် | ၁ - ၀ | ဝါဒါဘရီမင် | |
| စိန့်ပေါလီ | ၂ - ၁ | စတုဂတ် | |
| ဝုဖ်ဘတ် | ၁ - ၂ | ဒေါ့မွန် | |

| စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၃) အနိုင်၊ အရှုံး | | | (NGB) |
|---|---|---|---|
| ဘာစီလိုနာ | ၃ - ၀ | မာယော့ကာ | |

# ကမ္ဘာ့အဆင့်အားကစားပြိုင်ပွဲများ၊ (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် (၁၃)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်များရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့များအား နိုင်ငံတော်မှဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ

## နောင်ကျင်းပမည့် အားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်များ ယခုထက်ပိုမိုရရှိပြီး နိုင်ငံ့ဂုဏ်ကိုမြှင့်တင်နိုင်ရေး ဆက်လက်ကြိုးပမ်းအားထုတ်

နေပြည်တော် ဖေဖော်ဝါရီ ၇

၂၀၂၅ ခုနှစ်အတွင်း အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပခဲ့သည့် (၈)ကြိမ်မြောက် ကမ္ဘာ့ဗိုဗီနမ်ချန်ပီယံရှစ်ပြိုင်ပွဲ၊ (၁၆)ကြိမ်မြောက် ကမ္ဘာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲ၊ ထိုင်းနိုင်ငံ၌ ကျင်းပသည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် ၂၀၂၆ ခုနှစ် ဇန်နဝါရီလ အတွင်း ထိုင်းနိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့သည့် (၁၃)ကြိမ်မြောက် အာဆီယံ မသန်စွမ်း အားကစားပြိုင်ပွဲတို့တွင် နိုင်ငံ့ဂုဏ်ဆောင်ခဲ့သည့် အားကစားသမား မောင်မယ်များအား နိုင်ငံတော်မှဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ(A)၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် အမှာစကား ပြောကြားပြီး ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကမ္ဘာ့အဆင့်အားကစားပြိုင်ပွဲများ၊ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် (၁၃) ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်များရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့များအား နိုင်ငံတော်မှဂုဏ်ပြုဆု ချီးမြှင့်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၈)ကြိမ်မြောက် ကမ္ဘာ့ဗိုဗီနမ် ချန်ပီယံရှစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်နှစ်ဆုရရှိခဲ့ကြသည့် မမေဟန်နီအောင်လွင်နှင့် မနှင်းသက်ဝေတို့အား ဂုဏ်ပြုဆုငွေများပေးအပ် ချီးမြှင့်စဉ်။

အခမ်းအနားသို့ ကော်မရှင် အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကော်မရှင် အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီး များနှင့် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ် ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယ ဝန်ကြီးများ၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌ များ၊ ဒုတိယဥက္ကဋ္ဌများ၊ ဖိတ်ကြား ထားသူများ၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ၊ အုပ်ချုပ်သူ များ၊ နည်းပြများနှင့် တာဝန်ရှိသူ များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်း သာယာရေးကော်မရှင် ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားရာ တွင် ယနေ့ကျင်းပပြုလုပ်သည့် အခမ်းအနားသည် ဂုဏ်ပြု ထိုက်သူကို ဂုဏ်ပြုချီးမြှင့်ခြင်း ဟူသည့် မင်္ဂလာတရားတော်နှင့် အညီကျင်းပသည့် မင်္ဂလာရှိသော အခမ်းအနားဖြစ်ပါကြောင်း။

အင်ဒိုနီးရှားနိုင်ငံ ဘာလီတွင် ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁ ရက်မှ ၈ ရက်အထိ ကျင်းပခဲ့သည့် (၈)ကြိမ်မြောက် ကမ္ဘာ့ဗိုဗီနမ် ချန်ပီယံရှစ်ပြိုင်ပွဲတွင် ကမ္ဘာ့နိုင်ငံ ပေါင်း ၂၄ နိုင်ငံ ဝင်ရောက်ယှဉ်ပြိုင် ခဲ့သည့်အနက် မြန်မာနိုင်ငံက အုပ်ချုပ်နည်းပြနှစ်ဦး၊ အားကစား သမား အမျိုးသားသုံးဦး၊ အမျိုးသမီး သုံးဦး စုစုပေါင်း ရှစ်ဦး စေလွှတ်ပြီး Event ၁၆ မျိုး ဝင်ရောက်ယှဉ်ပြိုင် ခဲ့ပါကြောင်း၊ ပြိုင်ပွဲတွင် ရွှေတံဆိပ် နှစ်ခု၊ ငွေတံဆိပ်ငါးခု၊ ကြေးတံဆိပ် နှစ်ခု စုစုပေါင်း ဆုတံဆိပ် ၁၄ ခု ဆွတ်ခူးရရှိခဲ့ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံကိုယ်စားပြု ပါဝင် ယှဉ်ပြိုင်ခဲ့သည့် အားကစားသမား ခြောက်ဦးလုံးအနေဖြင့် ကမ္ဘာ့ အဆင့်ပြိုင်ပွဲကြီးတွင် တစ်ဦးမကျန် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များ မလွတ်တမ်း ဆွတ်ခူးနိုင်ခဲ့သည်ကို ဂုဏ်ယူဖွယ်ရာ တွေ့ရှိရပါကြောင်း။

အလားတူ အင်ဒိုနီးရှားနိုင်ငံ ဘန်တန်ကျွန်းတွင် ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁၁ ရက်မှ ၁၇ ရက်အထိ ကမ္ဘာ့ကာယဗလနှင့် ကာယကြံ့ခိုင် မှု အားကစားအဖွဲ့ချုပ်ကကြီးမှူး ကျင်းပခဲ့သည့် (၁၆)ကြိမ်မြောက် ကမ္ဘာ့ကာယဗလနှင့် ကာယကြံ့ခိုင် မှု အားကစားပြိုင်ပွဲတွင် ပြိုင်ပွဲဝင် နိုင်ငံပေါင်း ၃၄ နိုင်ငံအနက် မြန်မာနိုင်ငံက အုပ်ချုပ်နည်းပြ သုံးဦး၊ အားကစားသမားအမျိုးသား နှစ်ဦးနှင့် အမျိုးသမီးနှစ်ဦး စုစုပေါင်း ခုနစ်ဦး စေလွှတ်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်နှစ်ခု၊ ကြေးတံဆိပ်နှစ်ခု စုစုပေါင်း ဆုတံဆိပ်ငါးခု ဆွတ်ခူးရရှိခဲ့သည် ကို တွေ့ရှိရပါကြောင်း။

၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ကျင်းပပြုလုပ်ခဲ့သည့် (၃၃)ကြိမ် မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံ အနေဖြင့်အားကစားနည်း ၃၈ နည်း တွင် အုပ်ချုပ်နည်းပြ၊ အားကစား သမား ၆၉၈ ဦး၊ ပင်မအုပ်ချုပ်မှုအဖွဲ့ ၉၁ ဦး စုစုပေါင်း ၇၈၉ ဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါကြောင်း၊ ရွှေတံဆိပ်သုံးခုအပါအဝင် ဆုတံဆိပ် ၇၂ ခုနှင့် နိုင်ငံအလိုက် အဆင့်(၇) ရယူပေးနိုင်ခဲ့ကြသည်ကို တွေ့ရှိရ ပါကြောင်း၊ ၂၀၂၃ ခုနှစ်က ကျင်းပခဲ့ သည့် (၃၂)ကြိမ်မြောက် အရှေ့ တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံအနေဖြင့် အားကစား နည်း ၁၉ နည်းတွင် အားကစား သမား ၃၄၁ ဦး၊ အုပ်ချုပ်နည်းပြ ၁၀၄ ဦး စုစုပေါင်း ၄၄၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် ၂၁ ခုအပါအဝင် စုစုပေါင်း ဆုတံဆိပ် ၁၁၄ ခုရရှိခဲ့ကြပြီး နိုင်ငံအလိုက် အဆင့်(၈)သာ ရရှိခဲ့ပါကြောင်း၊ ယခု (၃၃)ကြိမ်မြောက်အရှေ့တောင် အာရှ အားကစားပြိုင်ပွဲတွင် နိုင်ငံ အလိုက် အဆင့်(၇)ကို ရရှိခဲ့ခြင်း ကြောင့် ဝမ်းမြောက်ကြောင်း ပြောကြားလိုပါကြောင်း၊ သို့သော် ဆုတံဆိပ်ရရှိမှုတွင် နည်းလာသည် ကို တွေ့ရသည့်အတွက် လာမည့် ပြိုင်ပွဲများတွင် ယခုထက် အောင်မြင်မှုရအောင် ပိုမိုကြိုးစား ကြရန် မှာကြားလိုပါကြောင်း။

ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ ကြသည့် အားကစားနည်း ၃၈ နည်း အနက် ခြင်းလုံးအားကစားနည်း နှင့် ဘိလိယက်နှင့်စနူကာ အားကစားနည်း နှစ်ခုတွင် ရွှေတံဆိပ်သုံးခု၊ ငွေတံဆိပ်လေးခု နှင့် ကြေးတံဆိပ်ခုနစ်ခု ရရှိခဲ့ပါ ကြောင်း၊ ကျန်အားကစားနည်း ၃၆ ခုအနက် အားကစားနည်း ၁၆ ခုတွင် ငွေတံဆိပ် ၁၇ ခုနှင့် ကြေးတံဆိပ် ၄၁ ခု ရရှိခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ငွေတံဆိပ်ရရှိ ခဲ့ကြသည့် အားကစားနည်းများ သည် ဗိုလ်လုပွဲအဆင့်အထိ တက်ရောက်နိုင်ခဲ့ပြီး ရွှေတံဆိပ် မရရှိခဲ့ကြသော်လည်း နိုင်ငံတော် အတွက် အမြင့်ဆုံးအဆင့်အထိ အကောင်းဆုံး ကြိုးစားယှဉ်ပြိုင် သွားခဲ့ကြသည်ကို တွေ့ရှိခဲ့ရသည့် အတွက် အားရကျေနပ်စရာ ကောင်းပါကြောင်း၊ တချို့ပြိုင်ပွဲ များတွင် တစ်ဖက်ပြိုင်ဘက် အသင်းနှင့် အစွမ်းအစသိပ်မကွာဘဲ တန်းတူယှဉ်ပြိုင်နိုင်သော်လည်း အနိုင်မရရှိခဲ့ခြင်းသည် မည်သည့် အတွက်ကြောင့် ဆိုသည့် အားနည်းချက်ကို ရှာဖွေပြီး ဆက်လက်ဆောင်ရွက်သွားကြ မည်ဆိုပါက ယခုထက် အောင်မြင်မှု များ ပိုရနိုင်လိမ့်မည်ဟု သုံးသပ်မိ ပါကြောင်း။

၂၀၂၆ ခုနှစ် ဇန်နဝါရီလအတွင်း ထိုင်းနိုင်ငံ၌ ကျင်းပပြီးစီးခဲ့သည့် (၁၃)ကြိမ်မြောက် အာဆီယံ မသန်စွမ်း အားကစားပြိုင်ပွဲကို မြန်မာနိုင်ငံအနေဖြင့် အားကစား နည်း ၁၁ ခု၊ အားကစားသမား ၉၇ ဦး၊ အုပ်ချုပ်နည်းပြ ၄၇ ဦး၊ ဒိုင်လူကြီး တစ်ဦးအပါအဝင် စုစုပေါင်း ၁၄၅ ဦးတို့ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြ ပါကြောင်း၊ ပြိုင်ပွဲတွင် ရွှေတံဆိပ် ၂၀၊ ငွေတံဆိပ် ၁၉ ခု၊ ကြေးတံဆိပ် ၂၀ စုစုပေါင်းဆုတံဆိပ် ၅၉ ခု ရရှိပြီး ပြိုင်ပွဲဝင် ၁၁ နိုင်ငံအနက် အဆင့်(၆)ဖြင့် အောင်မြင်မှုရရှိ ခဲ့သည်ကို တွေ့ရှိရပါကြောင်း။

၂၀၂၃ ခုနှစ် ကမ္ဘောဒီးယားနိုင်ငံ တွင်ကျင်းပခဲ့သည့် (၁၂)ကြိမ် မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံ က ရွှေ ၁၅ ခု အပါအဝင် စုစုပေါင်း ဆုတံဆိပ် ၅၇ ခုရရှိပြီး နိုင်ငံ အလိုက် အဆင့်(၆) ရရှိခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ယခု (၁၃)ကြိမ်မြောက် အာဆီယံ မသန်စွမ်း အားကစားပြိုင်ပွဲတွင် ယခင်အကြိမ်ကထက် ရွှေတံဆိပ် ငါးခု ပိုမိုဆွတ်ခူးရရှိခဲ့ခြင်းဖြစ်ပြီး စုစုပေါင်း ဆုတံဆိပ်အရေအတွက် နှစ်ခု ပိုမိုဆွတ်ခူးရရှိခဲ့သည်ကိုလည်း

စာမျက်နှာ ၉ သို့ ☆

☆ စာမျက်နှာ ၈ မှ

တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ ကြိုးစားယှဉ်ပြိုင်မှုနှင့် အောင်မြင်မှုများကို ဂုဏ်ပြုသည့်အနေဖြင့် နိုင်ငံတော်က ပြိုင်ပွဲယှဉ်ပြိုင်နေစဉ် ကာလအတွင်း ရွှေတံဆိပ်တစ်ခု ရရှိပါက အမေရိကန်ဒေါ်လာ ၃၀၀၊ ငွေတံဆိပ် တစ်ခုရရှိပါက အမေရိကန်ဒေါ်လာ ၂၀၀၊ ကြေးတံဆိပ် တစ်ခုရရှိပါက အမေရိကန်ဒေါ်လာ ၁၀၀ ချက်ချင်းချီးမြှင့်ခဲ့ပါကြောင်း။

ယင်းပြိုင်ပွဲ မှတ်တမ်းများအရ မြန်မာနိုင်ငံက မသန်စွမ်းအားကစားသမားများသည် မသန်သော်လည်း စွမ်းဆောင်ရည်ရှိသူများဖြစ်ပြီး နိုင်ငံ၏ဂုဏ်ကို မြှင့်တင်နိုင်ခဲ့ကြသူများဖြစ်သည်ဟု မှတ်တမ်းတင်ဂုဏ်ပြုပြောကြား လိုပါကြောင်း၊ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ် တစ်ခုတည်းကပဲ အားကစားနည်း ၁၁ နည်းကို ဝင်ရောက်ယှဉ်ပြိုင်ရန် စီမံဆောင်ရွက်ရာတွင် ပြိုင်ပွဲတိုင်းမျှော်မှန်းဆုတံဆိပ်များ ဆွတ်ခူးရရှိပြီး နိုင်ငံအလိုက် အဆင့်(၆)ရရှိခြင်းသည် အားကစားတိုးတက်ရန် အဖွဲ့ချုပ်များ၏ အခန်းကဏ္ဍသည် ပိုမို အရေးပါသည်ဆိုသည်မှာ သိသာထင်ရှားပါကြောင်း။

မသန်စွမ်း အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အားကစားနည်း ၁၁ နည်းအနက် ပြေးခုန်ပစ်၊ ရေကူးနှင့်ဘော်လီဘော အားကစားနည်းတို့က ရွှေတံဆိပ် ၂၀၊ ပြေးခုန်ပစ်၊ ရေကူး၊ ဘောလုံး အားကစားနည်းတို့က ငွေတံဆိပ် ၁၉ ခု၊ ပြေးခုန်ပစ်၊ ရေကူး၊ စစ်တုရင်၊ စားပွဲတင်တင်းနစ်၊ အလေးမနှင့် ဂိုးလ်ဘော အားကစားနည်းတို့က ကြေးတံဆိပ် ၂၀ ရရှိခဲ့ပါကြောင်း၊ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်ကရရှိခဲ့သည့် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များသည် အိုလံပစ်အားကစားနည်းများ ဖြစ်သည့် ပြေးခုန်ပစ်၊ ရေကူး၊ ဘော်လီဘောစသည့် အားကစားနည်းများဖြစ်သည်ကို တွေ့ရပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံအနေဖြင့် နောက်ထပ်အဆင့်တစ်ခု တိုးတက်ရန်အတွက်ရေကူး၊ပြေးခုန်ပစ်ကဲ့သို့ အိုလံပစ် အားကစားနည်းများကို မဖြစ်မနေ ပြန်လည်ဦးမော့အောင် အလေးထား ကြိုးစားဆောင်ရွက်ကြရန် သက်ဆိုင်သူများအားလုံးကို တိုက်တွန်းမှာကြားလိုကြောင်း။

ယခုကဲ့သို့ နိုင်ငံတကာ အားကစား ပြိုင်ပွဲများတွင် နိုင်ငံတော်အတွက် ဆုတံဆိပ်များ ရယူပေးနိုင်ခြင်းသည် နိုင်ငံ့ဂုဏ်ကို အားကစားဖြင့် မြှင့်တင်ပေးရာ ရောက်သည့်အပြင် နိုင်ငံတကာ အလယ်တွင် အမိမြန်မာနိုင်ငံတော် အလံကိုလွှင့်တင်ပြီး နိုင်ငံတော် သီချင်းသံ လွှင့်ပျံ့အောင် စွမ်းဆောင်ကြိုးပမ်းခဲ့သူများလည်းဖြစ်ကြပါကြောင်း၊ ထို့ကြောင့် အုပ်ချုပ်သူ နည်းပြများအပါအဝင် နိုင်ငံ့ဂုဏ်ဆောင် အားကစားမောင်မယ်များကို ယခုကဲ့သို့ ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ရခြင်းပင် ဖြစ်ကြောင်း။

ထို့ကြောင့် လာမည့် ၂၀၂၇ ခုနှစ် မလေးရှားနိုင်ငံတွင် ကျင်းပပြုလုပ်မည့်(၃၄)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် (၁၄) ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲများတွင် မြန်မာနိုင်ငံအနေဖြင့်အဆင့်မီမီ ဆုတံဆိပ်များရရှိရန် ယှဉ်ပြိုင်နိုင်ရေး ကြိုတင်ပြင်ဆင် လေ့ကျင့်ထားကြရန် မှာကြားလိုပါကြောင်း၊ ထိုသို့ပြင်ဆင်ရာတွင် ချက်ချင်း ရွှေတံဆိပ်ရနိုင်သည့် အားကစားနည်းများနှင့် ရွှေတံဆိပ်မရနိုင်သေးသော်လည်း ရေရှည်ဖွံ့ဖြိုးတိုးတက်အောင် လုပ်ရမည့် အားကစားနည်းများကို ခွဲခြားပြီး စနစ်တကျ စီမံချက်ရေးဆွဲဆောင်ရွက်ရန်နှင့် ၂ လတစ်ကြိမ်၊ ၃ လတစ်ကြိမ် ဆောင်ရွက်ထားရှိမှုများကို သုံးသပ်ပြင်ဆင်ဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ အားကစားအဖွဲ့ချုပ်များက တာဝန်ယူဆောင်ရွက်ရမည့် အပိုင်းများကို သေချာစွာခွဲခြားသိမြင်ပြီး နိုင်ငံတော်ကဖြည့်ဆည်း တာဝန်ယူဆောင်ရွက်ပေးရမည့် အပိုင်းကိုလည်း အချိန်မီတင်ပြသွားကြရန် လိုအပ်ကြောင်း။

ထို့ပြင် ပြည်တွင်း၌ ကျင်းပသည့် အားကစားပြိုင်ပွဲများတွင် လူငယ်မျိုးဆက်သစ် အားကစားသမားများ စဉ်ဆက်မပြတ်ထွက်ပေါ်ရေး၊ နည်းပြများ၊ ဒိုင်၊ ဂျူရီများကို ခေတ်နှင့်အညီ Update ဖြစ်သည့် သင်တန်းများ တက်ရောက်နိုင်ရေး၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များကလည်း အရှေ့တောင်အာရှ အားကစားအဖွဲ့ချုပ်အပါအဝင် နိုင်ငံတကာ အားကစား အဖွဲ့အစည်းများတွင် သက်ဆိုင်ရာကဏ္ဍအလိုက် ဝင်ဆံ့နိုင်ရေးကိုလည်း စဉ်ဆက်မပြတ် ကြိုးပမ်း ဆောင်ရွက်ကြရန်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ခြင်းလုံးအားကစားနည်းတွင် အမျိုးသားအသင်းလိုက် Event-3 ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ဆု ရရှိခဲ့သည့် အမျိုးသားအသင်းအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၁၃)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲ ရေကူးအားကစားနည်းတွင် မီတာ ၂၀၀ အလွတ်ကူး၊ မီတာ ၅၀ ရင်ပေါင်တန်းကူး၊ မီတာ ၅၀ အလွတ်ကူး၊ မီတာ ၁၀၀ အလွတ်ကူးပြိုင်ပွဲ လေးမျိုးလုံး၌ ရွှေတံဆိပ်လေးဆုရရှိသည့် မောင်ညီညီလင်းထက်အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

တိုက်တွန်းမှာကြားလိုကြောင်း။

ယနေ့ခေတ်သည် သိပ္ပံခေတ်၊ AI ခေတ်ဖြစ်သည်နှင့်အညီ Sport Scientist၊ Sport Nutritionist၊ Sport Psychologist စသည့် ပညာရှင်များအပါအဝင် အားကစားသုတေသီများ ပေါ်ထွက်ရေးကို ဦးတည်ကြိုးပမ်း ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ အားကစားအဖွဲ့ချုပ်များအနေဖြင့် ပြည်တွင်းနည်းပြများကို မိမိတို့၏ မိတ်ဖက်နိုင်ငံများတွင် အားကစားသင်တန်းများ တက်ရောက်နိုင်ရေး၊ နှစ်နိုင်ငံချစ်ကြည်ရေး အထိမ်းအမှတ် အားကစားပြိုင်ပွဲများ အပြန်အလှန် စေလွှတ်ယှဉ်ပြိုင်နိုင်ရေး ဆက်လက် ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

နောင်ကျင်းပပြုလုပ်မည့် ကမ္ဘာ့အဆင့်၊ အာရှအဆင့် အားကစားပြိုင်ပွဲများ၊ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများ၊ အာဆီယံ ဒေသတွင်း အားကစားပြိုင်ပွဲများနှင့် နိုင်ငံတကာ ဖိတ်ခေါ်ပြိုင်ပွဲများတွင် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များ ယခုထက်ပိုမိုရရှိပြီး နိုင်ငံ့ဂုဏ်ကို အားကစားဖြင့် မြှင့်တင်နိုင်ရေး၊ လူငယ်လူရွယ်တိုင်း အားကစားကို စိတ်ပါဝင်စားပြီး လေ့လာလိုက်စားရာမှတစ်ဆင့် ပြိုင်ပွဲဝင်နိုင်သည်အထိ လေ့ကျင့်ယှဉ်ပြိုင်နိုင်ရေးနှင့် အရှေ့တောင်အာရှအဆင့်မှသည် အာရှအဆင့်၊ ကမ္ဘာ့အဆင့်အထိ ထိုးဖောက်နိုင်အောင် ရည်မှန်းချက်ထားပြီး ဆက်လက်ကြိုးပမ်း အားထုတ်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် (၈)ကြိမ်မြောက် ကမ္ဘာ့ဗိုဗီနမ် ချန်ပီယံရှစ်ပြိုင်ပွဲ၊ (၁၆)ကြိမ်မြောက် ကမ္ဘာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲ၊ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် (၁၃)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲတို့တွင် နိုင်ငံ့ဂုဏ်ဆောင်ခဲ့သည့် အားကစားသမားမောင်မယ်များအား နိုင်ငံတော်မှ ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပပြုလုပ်ရာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက (၈)ကြိမ်မြောက် ကမ္ဘာ့ဗိုဗီနမ် ချန်ပီယံရှစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်နှစ်ဆုရရှိခဲ့ကြသည့် မမေဟန်နီအောင်လွင်နှင့် မနှင်းသက်ဝေ၊ စာမျက်နှာ ၁၀ သို့ ☆



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၁၃)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲ သံပြားပစ်နှင့် သံလုံးပစ်ပြိုင်ပွဲတို့တွင် ရွှေတံဆိပ်နှစ်ခုရရှိခဲ့သည့် မထက်ထက်အေးအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

☆ ယနေ့ခေတ်သည် သိပ္ပံခေတ်၊ AI ခေတ်ဖြစ်သည်နှင့်အညီ Sport Scientist၊ Sport Nutritionist၊ Sport Psychologist စသည့် ပညာရှင်များအပါအဝင် အားကစားသုတေသီများ ပေါ်ထွက်ရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်

☆ အားကစားအဖွဲ့ချုပ်များအနေဖြင့် ပြည်တွင်းနည်းပြများကို မိမိတို့၏ မိတ်ဖက်နိုင်ငံများတွင် အားကစားသင်တန်းများ တက်ရောက်နိုင်ရေး၊ နှစ်နိုင်ငံချစ်ကြည်ရေး အထိမ်းအမှတ် အားကစားပြိုင်ပွဲများ အပြန်အလှန်စေလွှတ်ယှဉ်ပြိုင်နိုင်ရေး ဆက်လက်ဆောင်ရွက်

☆ စာမျက်နှာ ၉ မှ



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက (၈) ကြိမ်မြောက် ကမ္ဘာ့ဗိုဗီနမ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် ငွေတံဆိပ် ၅ ဆုရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

(၁၆) ကြိမ်မြောက် ကမ္ဘာ့ကာယဗလနှင့်ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲ၊ Men Bodybuilding 75 kg ပြိုင်ပွဲ၌ ရွှေတံဆိပ် တစ်ဆုရရှိခဲ့သည့် မောင်ရဲထွန်းနောင်၊ (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ခြင်းလုံးအားကစားနည်း အမျိုးသားအသင်းလိုက် Event-3 ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ဆု ရရှိခဲ့သည့် အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းလိုက် Event-3 ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ဆု ရရှိခဲ့သည့် အမျိုးသမီးအသင်း၊ ဘိလိယက်နှင့် စနူကာအားကစားနည်းတွင် ဘိလိယက်အမျိုးသားအသင်းလိုက်ပြိုင်ပွဲ၌ ရွှေတံဆိပ်တစ်ဆုရရှိခဲ့သည့် ဘိလိယက်အမျိုးသားအသင်း၊ (၁၃) ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲ ရေကူးအားကစားနည်းတွင် မီတာ ၂၀၀ အလွတ်ကူး၊ မီတာ ၅၀ ရင်ပေါင်တန်းကူး၊ မီတာ ၅၀ အလွတ်ကူး၊ မီတာ ၁၀၀ အလွတ်ကူးပြိုင်ပွဲလေးမျိုးလုံး၌ ရွှေတံဆိပ်လေးဆုရရှိသည့် မောင်ညီညီလင်းထက်၊ မီတာ ၁၀၀ ရင်ပေါင်တန်းကူးပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ဆုနှင့် မီတာ ၅၀ ရင်ပေါင်တန်းကူးပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ဆုရရှိခဲ့သည့် မောင်နန္ဒစိုးမင်း၊ အလွတ်ကူးပြိုင်ပွဲများတွင် ရွှေတံဆိပ်တစ်ဆုနှင့် ငွေတံဆိပ်တစ်ဆုရရှိခဲ့သည့် ဒုတိယတပ်ကြပ်စိုးဝင်း၊ ရင်ပေါင်တန်းကူးပြိုင်ပွဲများတွင် ရွှေတံဆိပ် တစ်ဆုနှင့် ငွေတံဆိပ်တစ်ဆု ရရှိခဲ့သည့် မောင်မင်းထူး၊ မီတာ ၁၀၀ ပက်လက်ကူးပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ဆုနှင့် မီတာ ၂၀၀ အလွတ်ကူးပြိုင်ပွဲတွင်ကြေးတံဆိပ်နှစ်ဆု ရရှိခဲ့သည့် မောင်အောင်မြင့်မြတ်၊ ပြေးခုန်ပစ်အားကစားနည်းတွင် သံလုံးပစ်နှင့် လှံတံပစ်ပြိုင်ပွဲတို့၌ ရွှေတံဆိပ်နှစ်ဆုရရှိခဲ့သည့် ဒုတိယအရာခံဗိုလ် တင်ညို၊ မီတာ ၄၀၀ ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ဆု၊ မီတာ ၂၀၀ ပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ဆု၊ မီတာ ၁၀၀ ပြိုင်ပွဲတွင် ကြေးတံဆိပ်တစ်ဆုရရှိခဲ့သည့် မောင်အောင်မြင့်ဌေး၊ မီတာ ၂၀၀ ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ဆု၊ ငွေတံဆိပ်တစ်ဆုရရှိသည့် တပ်ကြပ်ကြီး စိုးပေ၊ သံပြားပစ်နှင့် သံလုံးပစ်ပြိုင်ပွဲတို့တွင် ရွှေတံဆိပ် နှစ်ခု ရရှိခဲ့သည့် မထက်ထက်အေး၊ သံပြားပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ သံလုံးပစ်ပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ခုရရှိခဲ့သည့် တပ်ကြပ်ရဲမင်းစိုး၊ လှံတံပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ် တစ်ခုရရှိသည့် ဒုတပ်ကြပ်(ငြိမ်း) စိုးသန်း၊ အလျားခုန်ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ မီတာ ၁၀၀ ပြိုင်ပွဲတွင် ကြေးတံဆိပ်တစ်ခု ရရှိခဲ့သည့် မနန်းစန်းရတနာထွန်း၊ သံလုံးပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ လှံတံပစ်ပြိုင်ပွဲတွင် ကြေးတံဆိပ်တစ်ခုရရှိခဲ့သည့် မစိန်ဖော့၊ လှံတံပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ သံလုံးပစ်ပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ခု ရရှိခဲ့သည့် မောင်စည်သူထက်၊ ထိုင်လျက်ဘော်လီဘောပြိုင်ပွဲတွင် ရွှေတံဆိပ်ရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့တို့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက (၈)ကြိမ်မြောက် ကမ္ဘာ့ဗိုဗီနမ် ချန်ပီယံရှစ်ပြိုင်ပွဲတွင် ငွေတံဆိပ် ငါးဆုရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့၊ (၁၆) ကြိမ်မြောက် ကမ္ဘာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်တစ်ခုရရှိခဲ့သည့် မဇူးဇူးသန့်၊ ငွေတံဆိပ်တစ်ခု ရရှိခဲ့သည့် မောင်ချမ်းမြေ့ထွန်း၊ (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဘိလိယက်နှင့် စနူကာအားကစားနည်းတွင် ငွေတံဆိပ်တစ်ခုရရှိခဲ့သည့် ဦးပေါက်စ၊ ကနူး/ကယက်လှေ အားကစားနည်းတွင် အသင်းလိုက်ငွေတံဆိပ် နှစ်ဆုရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့၊ ငွေတံဆိပ် တစ်ဆုရရှိခဲ့သည့် မောင်မျိုးလှိုင်ဝင်းနှင့် ကြေးတံဆိပ် တစ်ဆုရရှိခဲ့သည့် မပိုပိုအောင်၊ ပိုက်ကျော်ခြင်း အားကစားနည်းတွင် အသင်းလိုက်ငွေတံဆိပ် နှစ်ဆုရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့၊ ငွေတံဆိပ် တစ်ဆုရရှိခဲ့သည့် လေးယောက်တွဲ (အမျိုးသားအသင်း)၊ အပြည်ပြည်ဆိုင်ရာ လှေအားကစားနည်းတွင် ငွေတံဆိပ်တစ်ခု ရရှိခဲ့သည့် မောင်ဝေယံမိုး၊ ကြေးတံဆိပ် တစ်ဆုရရှိခဲ့သည့် မနီလာဝင်း တို့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင် အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော် အရာရှိကြီးများက နိုင်ငံ့ဂုဏ်ဆောင် ဆုရအားကစားသမားများ၊ အုပ်ချုပ်မှုအဖွဲ့နှင့် နည်းပြများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံ့ဂုဏ်ဆောင် ဆုတံဆိပ်ရ အားကစားသမားများကိုယ်စား (၁၆)ကြိမ်မြောက် ကမ္ဘာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ် တစ်ခုရရှိခဲ့သည့်မောင်ရဲထွန်းနောင်က ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ နှင့် နည်းပြများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

နိုင်ငံတော်အနေဖြင့် ပြိုင်ပွဲအသီးသီးတွင် အားကြိုးမာန်တက် ယှဉ်ပြိုင်ပြီး တစ်ဦးချင်းပြိုင်ပွဲများတွင် ရွှေတံဆိပ်ရရှိခဲ့သူများအား ကျပ်သိန်း ၃၀၀၊ ငွေတံဆိပ်ရရှိခဲ့သူများအား ကျပ်သိန်း ၂၀၀၊ ကြေးတံဆိပ်ရရှိခဲ့သူများအား ကျပ်သိန်း ၁၀၀၊ အသင်းလိုက်ပြိုင်ပွဲများတွင် ရွှေတံဆိပ်ရရှိခဲ့ကြသည့် အသင်းသားတစ်ဦးကို ကျပ်သိန်း ၁၀၀၊ ငွေတံဆိပ်ရရှိခဲ့ကြသည့် အသင်းသားတစ်ဦးကို ကျပ်သိန်း ၇၀၊ ကြေးတံဆိပ် ရရှိခဲ့ကြသည့် အသင်းသားတစ်ဦးကို ကျပ် ၃၅ သိန်း၊ အားကစားနည်းအလိုက် တာဝန်ယူဆောင်ရွက်ခဲ့ကြသည့် နည်းပြများအား မိမိတို့အားကစား နည်းအလိုက် ရွှေတံဆိပ်ရရှိခဲ့ပါက နည်းပြတစ်ဦးကို ကျပ်သိန်း ၁၀၀၊ ငွေတံဆိပ်ရရှိခဲ့ပါက ကျပ်သိန်း ၅၀၊ ကြေးတံဆိပ်ရရှိခဲ့ပါက ကျပ်သိန်း ၃၀ စီနှင့် အားကစားနည်းအလိုက် အုပ်ချုပ်မှုအဖွဲ့များကိုလည်း ရွှေတံဆိပ်ရရှိခဲ့ပါက ကျပ်သိန်း ၁၀၀၊ ငွေတံဆိပ်ရရှိခဲ့ပါက ကျပ်သိန်း ၅၀၊ ကြေးတံဆိပ် ရရှိခဲ့ပါက ကျပ်သိန်း ၃၀ စီ ချီးမြှင့်ပေးလျက်ရှိပြီး ယနေ့ကျင်းပပြုလုပ်သည့် (၈)ကြိမ်မြောက် ကမ္ဘာ့ဗိုဗီနမ် ချန်ပီယံရှစ်ပြိုင်ပွဲ၊ (၁၆) ကြိမ်မြောက် ကမ္ဘာ့ကာယဗလနှင့်ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲ၊ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် (၁၃)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲတို့တွင် မြန်မာအားကစားအဖွဲ့များအနေဖြင့် ရွှေတံဆိပ် ၂၆ ဆု၊ ငွေတံဆိပ် ၄၇ ဆု၊ ကြေးတံဆိပ် ၇၇ ဆု စုစုပေါင်း ဆုတံဆိပ် ၁၅၀ ရရှိခဲ့သည့်အတွက် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများနှင့် ပြိုင်ပွဲများတွင် ဆုတံဆိပ်များရရှိအောင် စွမ်းဆောင်ပေးခဲ့သည့် အုပ်ချုပ်/နည်းပြအဖွဲ့ ၂၈ ဖွဲ့တို့အတွက် နိုင်ငံတော်မှ ဂုဏ်ပြုချီးမြှင့်ငွေမှာ စုစုပေါင်းငွေကျပ် သိန်းပေါင်း ၃၆၆၉၀ ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ၂၀၂၅ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားတက်ရောက်ရန် သက်ကြီးအနုပညာရှင်များနှင့် အထောက်အကူပြု အဖွဲ့များ နေပြည်တော်သို့ ရောက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၇

၂၀၂၅ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁(MICC-1)၌ ခမ်းနားထည်ဝါစွာကျင်းပခဲ့ရာ အနုပညာရှင်၊ အတတ်ပညာရှင်များကလည်း အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ကြိုတင်ပြင်ဆင်မှု လုပ်ငန်းများကို အသင့်ဆောင်ရွက်ထားရှိခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ တက်ရောက်ရန် သက်ကြီးအနုပညာရှင်များနှင့် အထောက်အကူပြုအဖွဲ့များသည် ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်၏ စီစဉ်ပေးမှုဖြင့် ရန်ကုန်မြို့မှ တပ်မတော်လေယာဉ်ဖြင့် ထွက်ခွာလာကြရာ နေပြည်တော်သို့ရောက်ရှိကြပြီး ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြပြီး ခေတ္တတည်းခိုနေထိုင်ကြမည့်နေရာများသို့ လိုက်လံပို့ဆောင်ပေးကြကာ လိုအပ်သည်များကို စနစ်တကျစီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် ( ၃၂ / ၂၀၂၆ )

၁၃၈၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်
( ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက် )

## တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာခြင်း

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ အပိုင်းလိုက်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော်အတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ အခန်း ( ၈ ) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အမည်စာရင်းပေးပို့လာသည့် အောက်ဖော်ပြပါ တပ်မတော်သားများအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီးဖြစ်၍ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၃၁ အရ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | ပြန်တမ်းဝင်အမှတ် | အဆင့် | အမည် |
|---|---|---|---|
| ( ၁ ) | ကြည်း ၂၄၉၀၄ | ဗိုလ်ချုပ် | ရဲကျော်သူ |
| ( ၂ ) | ကြည်း ၂၅၀၇၀ | ဗိုလ်မှူးချုပ် | စိုးညွန့် |
| ( ၃ ) | ကြည်း ၂၁၈၇၉ | ဗိုလ်မှူးချုပ် | အောင်စိုး |
| ( ၄ ) | ကြည်း ၂၂၇၇၀ | ဗိုလ်မှူးချုပ် | ညီညီအောင် |
| ( ၅ ) | ကြည်း ၂၃၉၅၅ | ဗိုလ်မှူးချုပ် | မြတ်ကို |
| ( ၆ ) | ကြည်း ၂၄၁၄၃ | ဗိုလ်မှူးချုပ် | ဇော်မင်းအောင် |
| ( ၇ ) | ကြည်း ၂၈၃၈၀ | ဗိုလ်မှူးချုပ် | မင်းကြည် |
| ( ၈ ) | ကြည်း ၂၈၇၀၂ | ဗိုလ်မှူးချုပ် | ဝင်းမြိုင် |
| ( ၉ ) | ကြည်း ၂၉၅၇၈ | ဗိုလ်မှူးချုပ် | မျိုးမင်းအောင် |
| (၁၀) | ကြည်း ၃၃၄၆၆ | ဗိုလ်မှူးချုပ် | ဉာဏ်သိန်းဦး |
| (၁၁) | ရေ ၃၄၇၀ | ဗိုလ်မှူးချုပ် | ရဲလွင် |
| (၁၂) | လေ ၂၄၂၃ | ဗိုလ်မှူးကြီး | ခန့်နေသွေး |
| (၁၃) | ကြည်း ၂၀၆၈၃ | ဗိုလ်မှူးကြီး | အောင်ကျော်ဦး |
| (၁၄) | ကြည်း ၂၃၃၅၃ | ဗိုလ်မှူးကြီး | ဝင်းကိုကို |
| (၁၅) | ကြည်း ၂၃၆၇၆ | ဗိုလ်မှူးကြီး | ဒေါ်စိုးမိုးခိုင် |
| (၁၆) | ကြည်း ၂၆၀၆၉ | ဗိုလ်မှူးကြီး | ဒေါ်ခင်စိုးဝင်း |
| (၁၇) | ကြည်း ၂၆၀၈၁ | ဗိုလ်မှူးကြီး | ဒေါ်ဥမ္မာစော |
| (၁၈) | ကြည်း ၂၆၀၈၇ | ဗိုလ်မှူးကြီး | အောင်နိုင် |
| (၁၉) | ကြည်း ၂၆၁၃၀ | ဗိုလ်မှူးကြီး | နေမျိုးဝေ |
| (၂၀) | ကြည်း ၂၇၄၈၅ | ဗိုလ်မှူးကြီး | မြင့်ဇော် |
| (၂၁) | ကြည်း ၂၈၂၆၅ | ဗိုလ်မှူးကြီး | သန့်စင်အောင် |
| (၂၂) | ကြည်း ၂၈၃၀၀ | ဗိုလ်မှူးကြီး | အေးဝင်း |
| (၂၃) | ကြည်း ၃၁၁၇၈ | ဗိုလ်မှူးကြီး | ထွန်းနိုင်မင်း |
| (၂၄) | ကြည်း ၃၃၁၄၇ | ဗိုလ်မှူးကြီး | မျိုးမင်းထွန်း |
| (၂၅) | ကြည်း ၃၄၀၀၉ | ဗိုလ်မှူးကြီး | ဝင်းကိုဦး |
| (၂၆) | ကြည်း ၃၄၁၆၅ | ဗိုလ်မှူးကြီး | မြင့်ကို |
| (၂၇) | ရေ ၃၉၃၇ | ဗိုလ်မှူးကြီး | ကိုကိုမောင် |
| (၂၈) | ရေ ၃၉၇၂ | ဗိုလ်မှူးကြီး | မင်းဝေ |
| (၂၉) | လေ ၂၃၂၆ | ဗိုလ်မှူးကြီး | အောင်ကျော်ဦး |
| (၃၀) | ကြည်း ၃၆၇၅၅ | ဒုတိယဗိုလ်မှူးကြီး | ဝင်းဇော် |
| (၃၁) | လေ ၂၈၂၂ | ဒုတိယဗိုလ်မှူးကြီး | အောင်ကိုမြင့် |
| (၃၂) | ကြည်း ၂၂၄၆၂ | ဒုတိယဗိုလ်မှူးကြီး | ထွန်းလင်းဦး |
| (၃၃) | ကြည်း ၂၃၁၃၆ | ဒုတိယဗိုလ်မှူးကြီး | ဒေါ်ဝင်းလင်းချို |
| (၃၄) | ကြည်း ၂၃၆၇၅ | ဒုတိယဗိုလ်မှူးကြီး | ဒေါ်ခင်ဥမ္မာကြိုင် |
| (၃၅) | ကြည်း ၂၄၀၉၁ | ဒုတိယဗိုလ်မှူးကြီး | အောင်မင်းဆွေ |
| (၃၆) | ကြည်း ၂၄၂၃၀ | ဒုတိယဗိုလ်မှူးကြီး | လှနိုင် |
| (၃၇) | ကြည်း ၂၅၂၅၇ | ဒုတိယဗိုလ်မှူးကြီး | မျိုးထက်ဝင်း |
| (၃၈) | ကြည်း ၂၅၅၁၅ | ဒုတိယဗိုလ်မှူးကြီး | ဒေါ်နိုင်နိုင်စု |
| (၃၉) | ကြည်း ၂၇၀၆၆ | ဒုတိယဗိုလ်မှူးကြီး | ကျော်ကျော်လင်း |
| (၄၀) | ကြည်း ၂၇၂၇၃ | ဒုတိယဗိုလ်မှူးကြီး | ကျော်သူဦး |
| (၄၁) | ကြည်း ၂၇၃၄၉ | ဒုတိယဗိုလ်မှူးကြီး | အေးခိုင် |
| (၄၂) | ကြည်း ၂၇၄၀၉ | ဒုတိယဗိုလ်မှူးကြီး | နိုင်ဝင်း |
| (၄၃) | ကြည်း ၂၇၄၃၉ | ဒုတိယဗိုလ်မှူးကြီး | သန့်ဇင် |
| (၄၄) | ကြည်း ၂၈၂၀၇ | ဒုတိယဗိုလ်မှူးကြီး | ဇေယျာမင်း |
| (၄၅) | ကြည်း ၂၈၂၈၀ | ဒုတိယဗိုလ်မှူးကြီး | ဇော်မြင့်သူ |
| (၄၆) | ကြည်း ၂၈၂၈၆ | ဒုတိယဗိုလ်မှူးကြီး | ဇော်မင်းဦး |
| (၄၇) | ကြည်း ၂၈၄၅၁ | ဒုတိယဗိုလ်မှူးကြီး | အောင်နီ |
| (၄၈) | ကြည်း ၂၈၅၂၁ | ဒုတိယဗိုလ်မှူးကြီး | မော်သူရိန် |
| (၄၉) | ကြည်း ၂၉၃၉၂ | ဒုတိယဗိုလ်မှူးကြီး | ကျော်သူထက် |
| (၅၀) | ကြည်း ၂၉၆၆၃ | ဒုတိယဗိုလ်မှူးကြီး | ဇော်မျိုးထက် |
| (၅၁) | ကြည်း ၃၀၀၆၄ | ဒုတိယဗိုလ်မှူးကြီး | ဇော်မျိုးထွန်း |
| (၅၂) | ကြည်း ၃၀၅၅၁ | ဒုတိယဗိုလ်မှူးကြီး | မြစန်း |
| (၅၃) | ကြည်း ၃၁၂၂၈ | ဒုတိယဗိုလ်မှူးကြီး | ကျော်သူရ |
| (၅၄) | ကြည်း ၃၁၂၅၇ | ဒုတိယဗိုလ်မှူးကြီး | မောင်ဝေ |
| (၅၅) | ကြည်း ၃၁၃၇၂ | ဒုတိယဗိုလ်မှူးကြီး | တင်သောင်းလင်း |
| (၅၆) | ကြည်း ၃၁၃၇၆ | ဒုတိယဗိုလ်မှူးကြီး | ထိန်လင်း |
| (၅၇) | ကြည်း ၃၁၆၄၄ | ဒုတိယဗိုလ်မှူးကြီး | နေလင်းအောင် |
| (၅၈) | ကြည်း ၃၁၈၂၇ | ဒုတိယဗိုလ်မှူးကြီး | နိုင်လင်း |
| (၅၉) | ကြည်း ၃၂၃၆၄ | ဒုတိယဗိုလ်မှူးကြီး | မျိုးသူအောင် |
| (၆၀) | ကြည်း ၃၃၅၀၄ | ဒုတိယဗိုလ်မှူးကြီး | မင်းဇော်လင်း |
| (၆၁) | ကြည်း ၃၃၅၃၁ | ဒုတိယဗိုလ်မှူးကြီး | နိုင်ဝင်းငြေး |
| (၆၂) | ကြည်း ၃၅၅၉၇ | ဒုတိယဗိုလ်မှူးကြီး | ထွန်းလင်းနိုင် |
| (၆၃) | ကြည်း ၃၅၆၅၀ | ဒုတိယဗိုလ်မှူးကြီး | ဉာဏ်ဝေဖြိုး |
| (၆၄) | ကြည်း ၃၇၁၅၃ | ဒုတိယဗိုလ်မှူးကြီး | ဓာနည်မော်ဝင်း |
| (၆၅) | ကြည်း ၃၇၄၆၃ | ဒုတိယဗိုလ်မှူးကြီး | လွင်မောင်စိုး |
| (၆၆) | ကြည်း ၃၉၀၀၀ | ဒုတိယဗိုလ်မှူးကြီး | ဉာဏ်မင်းမောင် |
| (၆၇) | ကြည်း ၃၉၀၅၁ | ဒုတိယဗိုလ်မှူးကြီး | ကျော်ဇင်လတ် |
| (၆၈) | ကြည်း ၃၉၅၈၂ | ဒုတိယဗိုလ်မှူးကြီး | ထွန်းလင်းမောင် |
| (၆၉) | ကြည်း ၄၂၅၂၄ | ဒုတိယဗိုလ်မှူးကြီး | ကျော်စွာဝင်း |
| (၇၀) | ကြည်း ၄၂၅၇၇ | ဒုတိယဗိုလ်မှူးကြီး | ဉာဏ်ထွဋ်ဆွေ |
| (၇၁) | အင်န် ၆၆၅ | ဒုတိယဗိုလ်မှူးကြီး | ဒေါ်လင်းလင်းကို |
| (၇၂) | ကြည်း ၂၅၂၉၅ | ဗိုလ်မှူး | ဇော်ဇော်မိုး |
| (၇၃) | ကြည်း ၂၉၇၉၁ | ဗိုလ်မှူး | တင်လင်း |
| (၇၄) | ကြည်း ၃၃၁၂၁ | ဗိုလ်မှူး | ဉာဏ်မျိုးကျော် |
| (၇၅) | ကြည်း ၃၄၇၅၂ | ဗိုလ်မှူး | စောကျော်အောင် |
| (၇၆) | ကြည်း ၃၄၇၆၅ | ဗိုလ်မှူး | သက်စိုးအောင် |
| (၇၇) | ကြည်း ၃၆၄၄၃ | ဗိုလ်မှူး | မျိုးသန့် |
| (၇၈) | ကြည်း ၃၇၇၀၁ | ဗိုလ်မှူး | ဝင်းဟန် |
| (၇၉) | ကြည်း ၃၈၁၀၂ | ဗိုလ်မှူး | တင်နိုင်ဝင်း |
| (၈၀) | ကြည်း ၄၃၆၇၃ | ဗိုလ်မှူး | ဝေယံအောင် |
| (၈၁) | ကြည်း ၄၅၃၀၃ | ဗိုလ်မှူး | လင်းအောင်သက် |
| (၈၂) | ကြည်း ၄၅၃၉၈ | ဗိုလ်မှူး | ရဲလင်းထက် |
| (၈၃) | ကြည်း ၄၆၆၄၃ | ဗိုလ်မှူး | လင်းထိုက်အောင် |
| (၈၄) | ကြည်း ၄၆၇၀၇ | ဗိုလ်မှူး | ဖြိုးသူခန့် |
| (၈၅) | ကြည်း ၄၆၇၇၇ | ဗိုလ်မှူး | အောင်မျိုးဝင်း |
| (၈၆) | ကြည်း ၄၈၇၅၂ | ဗိုလ်မှူး | ရဲနောင်ဇော် |
| (၈၇) | ကြည်း ၄၉၈၈၆ | ဗိုလ်မှူး | ဇင်မင်းကို |
| (၈၈) | ကြည်း ၅၁၈၄၉ | ဗိုလ်မှူး | နေလွင်ထူး |
| (၈၉) | ကြည်း ၅၂၅၄၈ | ဗိုလ်မှူး | ဇော်ဖြိုးအောင် |
| (၉၀) | ကြည်း ၅၂၆၉၀ | ဗိုလ်မှူး | အောင်ဖြိုးဝေ |
| (၉၁) | လေ ၂၅၉၉ | ဗိုလ်မှူး | စိုးမင်းအေး |
| (၉၂) | လေ ၂၇၄၁ | ဗိုလ်မှူး | မိုးဦးကျော် |
| (၉၃) | အင်န် ၆၂၈ | ဗိုလ်မှူး | ဒေါ်သူဇာရွှေ |
| (၉၄) | အင်န် ၆၃၇ | ဗိုလ်မှူး | ဒေါ်ခင်သူဇာ |
| (၉၅) | အင်န် ၆၄၅ | ဗိုလ်မှူး | ဒေါ်ဖြူဖြူဖွေးမြင့် |
| (၉၆) | အင်န် ၇၄၈ | ဗိုလ်မှူး | ဒေါ်ခင်မင်းမင်းမြတ် |
| (၉၇) | အင်န် ၇၈၂ | ဗိုလ်မှူး | ဒေါ်နွယ်နီလာအေး |
| (၉၈) | အင်န် ၈၀၂ | ဗိုလ်မှူး | ဒေါ်စန္ဒာသန်း |
| ( ၉၉ ) | အင်န် ၈၅၀ | ဗိုလ်ကြီး | ဒေါ်သန်းသန်းဝင်း |
| (၁၀၀) | ကြည်း ၆၀၈၈၃ | ဗိုလ်ကြီး | ထွန်းလင်းဟန် |
| (၁၀၁) | ကြည်း ၆၃၁၀၈ | ဗိုလ်ကြီး | ဒေါ်သိမ့်သိင်္ဂီထွေးအောင် |
| (၁၀၂) | ကြည်း ၆၇၄၉၆ | ဗိုလ်ကြီး | ဒေါ်ယမင်းအောင် |
| (၁၀၃) | ကြည်း ၆၇၄၉၉ | ဗိုလ်ကြီး | ဒေါ်အိအိထွန်း |
| (၁၀၄) | ကြည်း ၆၇၅၀၀ | ဗိုလ်ကြီး | ဒေါ်အိန္ဒြာဦး |
| (၁၀၅) | ကြည်း ၆၇၅၁၇ | ဗိုလ်ကြီး | ဒေါ်ခင်ငြိမ်းချမ်း |
| (၁၀၆) | ကြည်း ၆၉၄၁၂ | ဗိုလ်ကြီး | ပိုင်ဇင်ဦး |
| (၁၀၇) | ကြည်း ၆၉၅၉၉ | ဗိုလ်ကြီး | ရဲလင်းနိုင် |
| (၁၀၈) | ကြည်း ၇၀၂၀၈ | ဗိုလ်ကြီး | ဒေါ်နှင်းဝေဝေသန်း |
| (၁၀၉) | အင်န် ၉၁၇ | ဗိုလ်ကြီး | ဒေါ်မာမာမြင့် |
| (၁၁၀) | အင်န် ၉၂၈ | ဗိုလ်ကြီး | ဒေါ်သဇင်လှိုင် |

( ပုံ ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# တောင်ကြီးမြို့ အဝေရာမီးပုံးပျံကွင်း၌ (၇၉)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနား ကျင်းပ





တောင်ကြီး ဖေဖော်ဝါရီ ၇

(၇၉) နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီက တောင်ကြီးမြို့ အဝေရာမီးပုံးပျံကွင်း၌ ကျင်းပရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အဖွဲ့ဝင် နယ်စပ်ရေးရာ ဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားစာပေယဉ်ကျေးမှုအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၉) နှစ်မြောက် ရှမ်းပြည်နယ်နေ့သို့ ပေးပို့သည့် သဝဏ်လွှာကို နိုင်ငံတော် လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် အဖွဲ့ဝင် နယ်စပ်ရေးရာ ဝန်ကြီးဌာနနှင့် တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သီရိပျံချီ စည်သူ ရာပြည့်က ဖတ်ကြားပြီး ပြည်နယ်ဝန်ကြီးချုပ် ဇေယျကျော်ထင် စည်သူ ဦးအောင်အောင်က အမှာစကား ပြောကြားသည်။

ထို့နောက် (၇၉) နှစ်မြောက် ရှမ်းပြည်နယ်နေ့ ပြခန်းများ ဖွင့်ပွဲ ကျင်းပရာ ပြခန်းများအား နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဦးမင်းနောင်၊ ဒေါက်တာမျိုးသိန်းကျော်နှင့် ဒေါက်တာစိုးဝင်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် တာဝန်ရှိသူများက ရှမ်းယဉ်ကျေးမှုအဖွဲ့၊ ဆည်လဲတိုင်းရင်းသားအဖွဲ့၊ တိုင်းရင်းသားစာပေယဉ်ကျေးမှုအဖွဲ့၊ ဖဲကြိုးဖြတ်ဗန်းကိုင်အဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြပြီး တိုင်းရင်းသားရိုးရာ အစားအစာပြခန်း၊ ဌာနဆိုင်ရာပြခန်းများ၊ ကုမ္ပဏီပြခန်းများ၊ MSME ပြခန်းများ၊ တိုင်းရင်းသားရိုးရာဝတ်စုံ ပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် (၇၉)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အထိမ်းအမှတ် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်ပွဲသို့ တက်ရောက်ရာ ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ်အတွင်း ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံအုပ်ချုပ်ရေးလုပ်ငန်းများတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသော လူပုဂ္ဂိုလ် အဖွဲ့အစည်းနှင့် နိုင်ငံ့ဝန်ထမ်းများအား ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ပေးအပ်ချီးမြှင့်ရာ ပြည်ထောင်စုဝန်ကြီးများက ပင်လုံဂုဏ်ရည် ထူးချွန်ဆုရရှိသူ တစ်ဦး၊ စီမံခန့်ခွဲရေးဆိုင်ရာထူးချွန်ဆု (ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့်) ရရှိသူ ၄၁ ဦးနှင့် လုံခြုံရေးနှင့် တရားဥပဒေ စိုးမိုးရေးဆိုင်ရာ ထူးချွန်ဆု (ဒုတိယအဆင့်၊ တတိယအဆင့်) ရရှိသူ ရှစ်ဦးတို့အား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ထူးချွန်ဆု (တတိယအဆင့်) ရရှိသူများအား ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ပစ္စည်းများကို လည်းကောင်း၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် ရှမ်းပြည်နယ် အစိုးရအဖွဲ့ အတွင်းရေးမှူးတို့က လူမှုထူးချွန် (ပထမအဆင့်၊ ဒုတိယအဆင့်) ဆုရရှိသူများအား လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် တာဝန်ရှိသူများသည် ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဆိုက်ခေါင်မြို့ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ ရောက်ရှိရာ သင်တန်းကျောင်း ကျောင်းအုပ်နှင့် အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း ကျောင်းအုပ်တို့၏ သင်တန်းကျောင်းဆိုင်ရာ အချက်အလက်များ ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသနေ တိုင်းရင်းသား ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသနေ တိုင်းရင်းသားလူငယ်များ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို မူဝါဒများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ လူငယ်များသည် နိုင်ငံတော်အတွက် အရေးကြီးသဖြင့် နောင်အနာဂတ်တွင် မိမိဒေသ၊ မြို့နယ်၊ ပြည်နယ်နှင့် နိုင်ငံအတွက် အားကိုးရသည့်သူများ ဖြစ်စေရေး ကြိုးစားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အချိန်ကို အကျိုးရှိရှိ စီမံခန့်ခွဲတတ်ရန် လိုအပ်ပါကြောင်း၊ ကျန်းမာရေးအတွက် အလေ့အကျင့် အလေ့အထကောင်းများ ဖြစ်စေရေးအတွက် လေ့ကျင့်ပေးရန် လိုအပ်ပါကြောင်း၊ ကျောင်းသားကျောင်းသူများအား ဗလငါးတန်နှင့်ပြည့်စုံပြီး အသိဉာဏ်နှင့် ဆင်ခြင်တုံတရားများ တိုးတက်မြင့်မားလာစေရန် လေ့ကျင့်သင်ကြား ပေးသွားကြရမည် ဖြစ်ပါကြောင်း မှာကြားပြီး ကျောင်းဝင်းအတွင်းရှိ အိပ်ဆောင်၊ စားရိပ်သာ၊ စာကြည့်တိုက် သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်ထားရှိမှုနှင့် ရာသီသီးနှံ စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဆိုက်ခေါင်မြို့ရှိ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းရှိ သင်တန်းသူများ ခေတ်မီပုံဆန်းအင်္ကျီ လက်တွေ့ချုပ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး အိပ်ဆောင်၊ စားရိပ်သာ၊ ရာသီသီးနှံစိုက်ပျိုးထားရှိမှုနှင့် ဥစားကြက်မွေးမြူထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့်အဖွဲ့သည် တောင်ကြီးမြို့ အဝေရာမီးပုံးပျံကွင်း၌ ကျင်းပသည့် (၇၉)နှစ်မြောက် ရှမ်းပြည်နယ်နေ့ ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ကြပြီး ဂုဏ်ပြုညစာစားပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က ကျေးဇူးတင်နှုတ်ခွန်းဆက်စကားပြောကြားကာ တိုင်းရင်းသားရိုးရာအကအဖွဲ့များ၏ ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

❐ စာမျက်နှာ ၂၄ မှ

အဆိုပါ အွန်လိုင်းစနစ်ဖြင့် ရထားလက်မှတ်ဝယ်ယူစီးနင်းလိုက်ပါခဲ့ကြသည့် အမှတ်(၁၁) အဆန်/(၁၂)အစုန်(ရန်ကုန်-မန္တလေး-ရန်ကုန်) ခရီးစဉ်၊ အမှတ်(၇)အဆန်/(၈)အစုန်၊ အမှတ်(၃၁) အဆန်/(၃၂)အစုန် DEMU အမြန်ရထား(နေပြည်တော်-ရန်ကုန်-နေပြည်တော်)ခရီးစဉ်နှင့် အမှတ်(၂၇)အဆန်/(၂၈)အစုန် လူစီးအမြန်ရထား(နေပြည်တော်-မန္တလေး-နေပြည်တော်) ခရီးစဉ်များဖြင့် ယနေ့စတင်လိုက်ပါစီးနင်းခဲ့ကြသည့် ခရီးသည်များအား မြန်မာ့မီးရထားမှ တာဝန်ရှိသူများက ORTP စနစ်ဖြင့် လက်မှတ်ဝယ်ယူရာတွင် အခက်အခဲတွေ့ကြုံရခြင်း ရှိ/မရှိ တွေ့ဆုံမေးမြန်းခဲ့ပြီး ORTP စနစ်ဖြင့် အွန်လိုင်းမှ ပထမဆုံး စတင်လက်မှတ်ဝယ်ယူခဲ့ကြသည့် ရထားခရီးစဉ်အလိုက် ခရီးသည်သုံးဦးစီကို အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်း ယနေ့ပြေးဆွဲသည့် လူစီးအမြန်ရထား အစုန်/အဆန် ရှစ်စင်းကို စီးနင်းလိုက်ပါနိုင်ရန် ခုနစ်ရက်ကြိုတင်ရောင်းချခဲ့ရာ ဖေဖော်ဝါရီ ၁ ရက်ကတည်းက အွန်လိုင်းပေါ်မှ ဝယ်ယူထားကြသည့် လက်မှတ်စောင်ရေ ၈၇ စောင်ရှိသည်။ ရထားမထွက်ခွာမီ နှစ်ရက်အလိုကတည်းက ရထားခရီးစဉ်များ၏အထက်တန်းထိုင်ခုံနေရာအားလုံးကိုလည်းကောင်း၊ ရန်ကုန်-နေပြည်တော်-ရန်ကုန် DEMU အမြန်ရထား၏ ပထမတန်းထိုင်ခုံနေရာများအနက် ၈၀ ရာခိုင်နှုန်းကျော်ကိုလည်းကောင်း အွန်လိုင်းပေါ်မှ ကြိုတင်ဝယ်ယူခဲ့ကြသည်။

ရထားစီးခရီးသွားပြည်သူများအနေဖြင့် ORTP စနစ်အသုံးပြုရာတွင် အဆင်မပြေမှုရှိပါက စုံစမ်းမေးမြန်းနိုင်ရန်အတွက် မြန်မာ့မီးရထား **Call Center ၏ Hotline ဖုန်းနံပါတ် 1188** သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း၊ အဆိုပါစနစ်ကို ခရီးသွားပြည်သူများ အကျွမ်းတဝင်သိရှိစေရေးအတွက် စနစ်အသုံးပြုပုံအဆင့်ဆင့်နှင့် ရထားပြေးဆွဲမှုဆိုင်ရာ အချက်အလက်များကို **ORTP Info by မြန်မာ့မီးရထား**အမည်ဖြင့် လူမှုကွန်ရက်များပေါ်မှလည်း အသိပေးမျှဝေလျက်ရှိသည်။

မြန်မာ့မီးရထားအနေဖြင့် ORTP စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အစိုးရ - ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ် (Public Private Partnership - PPP Scheme)ဖြင့် တင်ဒါခေါ်ယူခဲ့ပြီး တင်ဒါအောင်မြင်သည့် ပုဂ္ဂလိကကုမ္ပဏီအနေဖြင့် ရန်ကုန်-မန္တလေး၊ ရန်ကုန်-မော်လမြိုင်နှင့် ရန်ကုန်-ပြည်-ပုဂံ ရထားလမ်းပိုင်းသုံးခုတွင်ရှိသည့်ဘူတာများ၌ စနစ်အတွက်လိုအပ်သည့် Infrastructure များ တည်ဆောက်တပ်ဆင်ခြင်းနှင့် Software ရေးဆွဲခြင်းတို့ကို သတ်မှတ်ကာလအတွင်း ပြီးပြတ်အောင်ဆောင်ရွက်သွားမည်ဖြစ်ကာ ယခု ORTP စနစ်အား **ရှေ့ပြေးစမ်းသပ်အစီအစဉ် (Pilot Project)**အဖြစ် ရန်ကုန်-နေပြည်တော် - မန္တလေး ရထားလမ်းပိုင်းအတွင်း ပြေးဆွဲပေးလျက်ရှိသည့် လူစီးအမြန်ရထားများ၏ ရထားလက်မှတ်များကို အွန်လိုင်းမှ ရောင်းချပေးခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ငလျင်ဘေးအန္တရာယ်သင့် ပြိုကျနေအိမ်များအတွက် ဘိလပ်မြေများ ပေးအပ်

**ပျော်ဘွယ် ဖေဖော်ဝါရီ ၇**

ပျော်ဘွယ်မြို့နယ်၌ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် နေအိမ်များ ပြန်လည်ဆောက်လုပ်နိုင်ရန် ဘိလပ်မြေများ ပေးအပ်ခြင်းကို ယမန်နေ့ နံနက် ၉ နာရီခွဲက မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအာကာစိုးက နိုင်ငံတော်အနေဖြင့် ငလျင်ဘေးအန္တရာယ်ခံစားခဲ့ရပြီး နေအိမ်တစ်စိတ်တစ်ပိုင်း ပျက်စီးမှုတို့အတွက် ထောက်ပံ့ပေးနိုင်ခဲ့မှု၊ အလုံးစုံ ပျက်စီးမှုတို့အတွက် နိုင်ငံတော်မှသတ်မှတ်ထားသည့် နှုန်းထားအတိုင်း ဘိလပ်မြေဖြန့်ဝေ ပေးအပ်မည့် အခြေအနေများ၊ မကြာမီကာလတွင် အိမ်ဆောက်ပစ္စည်းဖြန့်ဝေပေးမည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီမှ မြို့ပေါ်ရပ်ကွက် ခုနစ်ရပ်ကွက်နှင့် ကျေးရွာအုပ်စု ငါးအုပ်စုမှ နေအိမ်အလုံးစုံပျက်စီးမှု ၁၅၆ လုံးအတွက် ဘိလပ်မြေအိတ် ၄၂၀၀ ကျော်ကို ပေးအပ်ခဲ့ရာ ရမည်းသင်း ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိန်မြင့်နှင့် တာဝန်ရှိသူများက ပြည်သူများထံ ထပ်ဆင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **မင်းမင်းထွေး(ပျော်ဘွယ်)**

## တိုင်းရင်းဆေးသိပ္ပံနှင့် တိုင်းရင်းဆေးရုံ နှစ်(၅၀)ပြည့် ရွှေရတုသဘင်ဖွင့်ပွဲ ကျင်းပမည်

**မန္တလေး ဖေဖော်ဝါရီ ၇**

တိုင်းရင်းဆေးသိပ္ပံနှင့်တိုင်းရင်းဆေးရုံ နှစ်(၅၀)ပြည့် ရွှေရတု သဘင်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၉ နာရီတွင် မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အိုးဘို ရွှေကျင်ရပ်ကွက်ရှိ တိုင်းရင်းဆေး သိပ္ပံကျောင်းဝင်းအတွင်း ပြုလုပ်မည်ဖြစ်သည်။

အဆိုပါနှစ်(၅၀)ပြည့် ရွှေရတုသဘင်ဖွင့်ပွဲတွင် တိုင်းရင်းဆေးသိပ္ပံအထိမ်းအမှတ် ကျောက်တိုင်နှင့် ရွှေရတုကမ္ပည်းမော်ကွန်းကျောက်စာကို အမွှေးနံ့သာရည်များ ပက်ဖျန်းခြင်း၊ ပြခန်းများ ပြသခြင်း၊ စတုဒိသာကျွေးမွေးခြင်း၊ တစ်ပင်တိုင်ခြင်းခတ်အလှများဖြင့် ဧည့်ခံခြင်း၊ မြန်မာမှုတေးဂီတများဖြင့် ဧည့်ခံဖျော်ဖြေခြင်း၊ မြန်မာမုန့်များဖြင့် ဧည့်ခံကျွေးမွေးခြင်းများ ပါရှိကာ အခမ်းအနားသို့ တိုင်းရင်းဆေးသိပ္ပံကျောင်းဆင်း အမှတ်စဉ် (၁)မှ အမှတ်စဉ်(၃၀)အထိ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်နိုင်ကြရန် နှစ်(၅၀)ပြည့် ရွှေရတုသဘင်ကျင်းပရေး ကော်မတီမှ အသိပေးနှိုးဆော်ထားရှိကြောင်း သိရသည်။

(၀၇၀)

၀-၀-၀-၀-၀

# ၂၀၂၅ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ရရှိခဲ့ကြသည့် အနုပညာရှင်၊ အတတ်ပညာရှင်များ၏ ဝမ်းသာပီတိစကားသံများ


အကယ်ဒမီ ဦးငွေအောင်(ဆွေဇမာ)


သရုပ်ဆောင် အကယ်ဒမီ ဒေါ်ခင်လေးဆွေ


ဒါရိုက်တာ အကယ်ဒမီ ဦးကြည်စိုးထွန်း


အကယ်ဒမီ သားကျော်


အကယ်ဒမီ ဟန်ထူးဇင်

၂၀၂၅ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန-၁ ၌ ခမ်းနားထည်ဝါစွာ ကျင်းပရာ အနုပညာနယ်ပယ်ပေါင်းစုံမှ အနုပညာရှင်၊ အတတ်ပညာရှင်များ တက်ရောက်ကြသည်။

အဆိုပါ အနုပညာရှင်၊ အတတ်ပညာရှင်များအနက်မှ ၂၀၂၅ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုများကို ထိုက်တန်စွာ ချီးမြှင့်ခံရသူများနှင့် တွေ့ဆုံ၍ ၎င်းတို့၏ ရင်တွင်း ပီတိစကားသံများကို ပြည်သူများသိရှိစေရန် မေးမြန်းဝေမျှလိုက်ရပါသည်-

**အကယ်ဒမီ**
**ဦးငွေအောင်(ဆွေဇမာ)**
**(ရုပ်ရှင်တစ်သက်တာ**
**ထူးချွန်ဆုရှင်)**

ကျွန်တော့်အသက် (၉၅)နှစ်ထဲ ရောက်ပါပြီ။ ရုပ်ရှင်သရုပ်ဆောင်သက်တမ်းလည်း ကြာခဲ့ပါပြီ။ အခုလို တစ်သက်တာဆုကို ရရှိတဲ့အတွက် အင်မတန်ဝမ်းသာမိပါတယ်။ ဒီဆုချီးမြှင့်ပွဲမှာ အရင်က အတူတူ သရုပ်ဆောင်ခဲ့တဲ့သူတွေကို ပြန်လည်တွေ့ရတဲ့အတွက်လည်း စိတ်ထဲပျော်ရွှင်မိပါတယ်။ နိုင်ငံတော်အကြီးအကဲ ကိုယ်တိုင်ပေးအပ်တဲ့ ဒီအကယ်ဒမီဆုကြီးကို လက်ခံရတဲ့အတွက် ဂုဏ်ယူမိပြီး တာဝန်ရှိသူတွေအားလုံးကိုလည်း ကျေးဇူးတင်ရှိပါတယ်။

**အကယ်ဒမီ သရုပ်ဆောင်**
**ဒေါ်ခင်လေးဆွေ**
**(ရုပ်ရှင်တစ်သက်တာ**
**ထူးချွန်ဆုရှင်)**

ကျွန်မအသက် (၉၅) နှစ်ရှိပါပြီ။ ဖြတ်သန်းလာခဲ့တဲ့ အနုပညာခရီးကလည်း ကြာခဲ့ပါပြီ။ အခုအချိန်မှာ ဒီဆုကို လက်ခံရရှိတဲ့အတွက်လည်း ဝမ်းသာပျော်ရွှင်မိပါတယ်။ သရုပ်ဆောင်အလုပ်ဆိုတာ ပြည်သူလူထုကြိုက်မှ ဆုရရှိတဲ့ အနေအထားအထိ ရောက်ရှိတာပါ။ နောင် အနုပညာမျိုးဆက်သစ်ကလေးတွေအနေနဲ့လည်း ကိုယ့်ကို သင်ကြားပေးတဲ့ ဆရာတွေရဲ့ စကားကို မြေဝယ်မကျ နားထောင်ပြီး အလုပ်ကြိုးစားကြပါ။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်လို့ ပြောလိုပါတယ်။

**ဒါရိုက်တာ အကယ်ဒမီ**
**ဦးကြည်စိုးထွန်း**
**(ရုပ်ရှင်တစ်သက်တာ**
**ထူးချွန်ဆုရှင်)**

ဒီရုပ်ရှင်တစ်သက်တာဆုကို အသက်(၈၀)ကျော်မှ ပေးပါတယ်။ ရုပ်ရှင်လုပ်သက်ကလည်း အနည်းဆုံး အနှစ် ၅၀ ရှိပြီး ဆုတစ်ခုခုလည်း ရဖူးသူဖြစ်ရပါမယ်။ ဆုမရခဲ့လည်း ရုပ်ရှင်အကျိုးအတွက် တကယ်လုပ်ဆောင်တဲ့ သူမျိုးဖြစ်ရမယ်။ အဲဒီလို သတ်မှတ်ပြီး ဒီဆုကို ပေးတာပါ။ အသက်ကြီးတိုင်း ပေးတာမဟုတ်ပါဘူး။ ဖြစ်နိုင်ရင် အကယ်ဒမီ ဆုပဲဖြစ်ဖြစ်၊ အလင်္ကာကျော်စွာ ပဲဖြစ်ဖြစ် ဆုတစ်ခုခုတော့ ရတဲ့သူမျိုး၊ အသက်(၈၀) ကျော်တဲ့သူမျိုးကို ပေးတာဖြစ်ပါတယ်။ ဒီဆု ပေးရတဲ့အကြောင်းကို ပရိသတ်လည်း သိစေချင်လို့ ပြောပြခြင်းဖြစ်ပါတယ်။ ရုပ်ရှင်တစ်သက်တာဆု ရရှိတဲ့သူတွေအတွက်လည်း ဝမ်းသာမိပါတယ်။

**အကယ်ဒမီ သားကျော်**
**(အကောင်းဆုံးရုပ်ရှင်ဓာတ်ပုံဆု)**

ဒီဆုကို ရရှိတဲ့အတွက် အတိုင်းမသိ ဝမ်းသာဂုဏ်ယူမိပါတယ်။ ဆုကို ရွေးချယ်ပေးအပ်တဲ့ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနဲ့ တာဝန်ရှိသူတွေအားလုံးကို ကျေးဇူးတင်ရှိပါတယ်။ ကျွန်တော်က အနုပညာသမားတစ်ယောက်ဖြစ်တဲ့အတွက် ဒီဆုကို လိုချင်ပါတယ်။ ဒါကြောင့် အလုပ်ကိုလည်း ပိုပြီး ကြိုးစားခဲ့ပါတယ်။ ဒီနေ့ဆုပေးပွဲမှာလည်း ဆုရရှိဖို့ ရင်ခုန်ခဲ့ရပါတယ်။ နှစ်ပေါင်း ၂၅ နှစ်ကျော်မှ ဒီဆုကို ရရှိခဲ့တာဖြစ်တဲ့အတွက် ပြောမပြတတ်အောင် ဝမ်းသာနေမိပါတယ်။ ဒီဇာတ်ကားကို ရေခဲတောင်မှာ ၂၅ ရက်ကြာ ရိုက်ကူးခဲ့ရပါတယ်။ အခက်အခဲတွေ အများကြီးလည်း ကြုံတွေ့ခဲ့ရပါတယ်။ ရုပ်ရှင်ကားထဲမှာ တကယ့်အစစ်အမှန်ပြု လုပ်ချက်တွေနဲ့ အင်တိုက်အားတိုက် ကြိုးစားဆောင်ရွက်ခဲ့ပါတယ်။ အခုလို ခက်ခက်ခဲခဲ ရိုက်ကူးခဲ့ရပြီး ဆုရရှိခဲ့တဲ့အတွက် ပျော်ရွှင်မိပါတယ်။

**အကယ်ဒမီ ဟန်ထူးဇင်**
**(အကောင်းဆုံးရုပ်ရှင်**
**တေးဂီတဆု)**

ကျွန်တော် ဒီဆုကို အသက်(၁၈) နှစ်နဲ့ ရရှိခဲ့တာ ဖြစ်ပါတယ်။ ဇာတ်ကားနဲ့ ပတ်သက်ပြီးတော့ အမှတ်တရတွေ အများကြီးပါပဲ။ ဇာတ်ကားထဲမှာ အတွေ့အကြုံ အများကြီးရရှိခဲ့ပြီး ကျွန်တော့်အတွက် မှတ်တိုင်လည်း ဖြစ်ခဲ့ပါတယ်။ ဒီဆုကို ရရှိတဲ့အတွက် အင်မတန်ကို ပျော်ရွှင်မိပါတယ်။ ဆုကို ရရှိဖို့ တော်တော်လေး ကြိုးစားခဲ့ရပါတယ်။ ရုပ်ရှင်နယ်ပယ်က အတတ်ပညာရှင် ဆရာကြီးတွေဆီက သင်ယူခွင့်ရရှိပြီး အတူတကွ အလုပ်လုပ်ကိုင်ခွင့်ရတဲ့အတွက် အဖိုးမဖြတ်နိုင်တဲ့ ပညာတွေ အများကြီးရရှိခဲ့ပါတယ်။ နောင်လည်း ဒီထက်မက အနုပညာကို ချစ်မြတ်နိုးပြီး ပိုပြီး ကြိုးစားသွားမှာပါ။ အခုလို အကောင်းဆုံး တေးဂီတဆုကို ပေးပြီး အသိအမှတ်ပြုပေးတဲ့အတွက် တာဝန်ရှိသူတွေအားလုံးကို ကျေးဇူးတင်ရှိပါတယ်။


အကယ်ဒမီ ကိုဂျူး


အကယ်ဒမီ ခွန်


အကယ်ဒမီ သီလံ

**အကယ်ဒမီ ကိုဂျူး**
**(အကောင်းဆုံးရုပ်ရှင်အသံဆု)**

ကျွန်တော်တို့ အနုပညာသမားတွေအတွက် ဒီဆုက တန်ဖိုးမဖြတ်နိုင်တဲ့ဆုပဲဖြစ်ပါတယ်။ ကျွန်တော် ရိုက်ကူးခဲ့တဲ့ ဇာတ်ကားတိုင်းကို တတ်စွမ်းသလောက် အစွမ်းကုန်ကြိုးစားပြီး စေတနာထား ဆောင်ရွက်ပေးခဲ့ပါတယ်။ အသက်(၁၉) နှစ်ကနေစပြီး အနုပညာလောကထဲကို ဝင်လာခဲ့တာဖြစ်ပါတယ်။ ဒီဆုကို ရရှိခဲ့တဲ့အတွက် ရှေ့ဆက်ပြီး အနုပညာအလုပ်ကို ဆောင်ရွက်သွားဖို့ အားအင်တွေဖြစ်ပေါ်ခဲ့ပါတယ်။ နောင်ရိုက်မယ့် ဇာတ်ကားတွေကိုလည်း အကောင်းဆုံးဖြစ်အောင် ကြိုးစားသွားမှာပါ။ ကျွန်တော် အခုလို ဆုရတဲ့အတွက် လုပ်ဖော်ကိုင်ဖက်တွေကလည်း အင်မတန် ဝမ်းသာနေကြပါတယ်။

**အကယ်ဒမီ ခွန်**
**(အကောင်းဆုံးရုပ်ရှင်**
**တည်းဖြတ်ဆု)**

ကျွန်တော် အခုလို အကယ်ဒမီဆုကို ရရှိခဲ့တဲ့အတွက် အတိုင်းမသိ ဝမ်းသာမိပါတယ်။ ဆုပေးပွဲကြီးမှာ ကျွန်တော့်နာမည်ကို ကြေညာလိုက်တဲ့အခါ ရင်ခုန်စိတ်လှုပ်ရှား ပျော်ရွှင်ခဲ့ရပါတယ်။ ကျွန်တော် အခုလို ဆုရရှိအောင် သင်ကြားပြသ လက်တွဲခေါ်ယူခဲ့တဲ့ အနုပညာရပ်ဝန်းက ဆရာတွေ၊ လုပ်ဖော်ကိုင်ဖက်တွေ အားလုံးကို ကျေးဇူး အထူးတင်ရှိပါတယ်။ ပထမဦးဆုံး စတင်ရိုက်တဲ့ ဇာတ်ကားမှာတင် ဆုရရှိခဲ့တဲ့အတွက် အင်မတန် ဂုဏ်ယူမိပါတယ်။ ၂၀၁၆ ခုနှစ်ကတည်းကအနုပညာလောကထဲကို ရောက်ရှိခဲ့တာဖြစ်ပါတယ်။ ပထမဦးဆုံး အကယ်ဒမီဆုကို ရရှိခဲ့တာဖြစ်ပါတယ်။ ရှေ့ဆက်ပြီး အနုပညာအလုပ်တွေကို ကြိုးစားပြီး ဆောင်ရွက်သွားမှာပါ။

**အကယ်ဒမီ သီလံ**
**(အကောင်းဆုံးရုပ်ရှင်ဇာတ်ညွှန်းဆု)**

အခုလို အကယ်ဒမီဆုကို ရရှိခဲ့တဲ့အတွက် အင်မတန် ကျေနပ်မိပါတယ်။ မောင်နှမသုံးယောက်ရဲ့ ကြိုးစားအားထုတ်မှုတွေ အရာထင်လာခဲ့ပါပြီ။ ဆုပေးဖို့ ကိုယ့်နာမည်ကို ကြေညာတဲ့အချိန်မှာ ရင်ခုန်ပြီး ပြောစရာစကားတောင် ရှာမတွေ့ခဲ့ပါဘူး။ ပရိသတ်တွေကလည်း အစောကတည်းက ခန့်မှန်းပေးခဲ့ကြပါတယ်။ ပရိသတ် ခန့်မှန်းတဲ့အတိုင်း ဖြစ်လာတဲ့အတွက်လည်း ဝမ်းသာမိပါတယ်။ နောက်ထပ်လည်း အနုပညာနဲ့ ပတ်သက်ပြီး အများကြီး ကြိုးစားသွားမှာပါ။ ဒီဇာတ်ကားက အမြော်လင့်ဆုံးဇာတ်ကားတစ်ကားပါ။ အကယ်ဒမီဆု ရရှိအောင်အထိ ပြီးပြည့်စုံတဲ့ ဇာတ်ညွှန်းတစ်ခု ဖြစ်ခဲ့တဲ့အတွက် ဂုဏ်ယူမိပါတယ်။ ပရိသတ်တွေနဲ့ တာဝန်ရှိသူတွေအားလုံးကို ကျေးဇူးတင်ရှိပါတယ်။


Hein Film Production

**Hein Film Production**
**(အကောင်းဆုံးရုပ်ရှင်**
**ဇာတ်ကားဆု)**

ကျွန်တော်တို့ ပူးပေါင်းထုတ်လုပ်တဲ့ ပန်းမြိုင်လယ်မှ ဥယျာဉ်မှူး ဇာတ်ကားနဲ့ ရရှိတဲ့အတွက် များစွာ ဝမ်းသာမိပါတယ်။ အတူတကွ ပူးပေါင်းဖန်တီးမှုတွေ၊ ကြိုးစားမှုတွေကို အခုလို အသိအမှတ်ပြုခံရတဲ့အတွက် ကျေနပ်မိပါတယ်။ အကယ်ဒမီဆု ရစေချင်လို့ အားပေးကြတဲ့ ပရိသတ်တွေကို အများကြီး ကျေးဇူးတင်ရှိပါတယ်။ ဒီနှစ်က ဇာတ်ကားတွေ အားလုံးကောင်းကြပြီး ပြိုင်ဆိုင်မှု ပြင်းထန်တဲ့ နှစ်တစ်နှစ်လည်းဖြစ်ပါတယ်။ ဒီလို ဇာတ်ကားကောင်းတွေကြားထဲက အကယ်ဒမီဆုကို ဆွတ်ခူးရရှိတဲ့အတွက်လည်း ဝမ်းသာပျော်ရွှင်မိပါတယ်။ စာမျက်နှာ ၁၄ သို့ ○

# ၂၀၂၅ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲ အခမ်းအနားတက်ရောက်ရန် အနုပညာရှင်များနှင့် အထောက်အကူပြုအဖွဲ့များ အထူးရထားဖြင့် နေပြည်တော်သို့ ရောက်ရှိ




နေပြည်တော် ဖေဖော်ဝါရီ ၇

နေပြည်တော်၌ ကျင်းပသည့် ၂၀၂၅ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တင်ရောက်မည့် အနုပညာရှင်များနှင့် အထောက်အကူပြုအဖွဲ့ စုစုပေါင်း ၁၆၇ ဦးသည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ စီစဉ်ပေးမှုဖြင့် ရန်ကုန်မြို့မှ ယနေ့နံနက် ၆ နာရီ ခွဲတွင် အထူးရထားဖြင့် ထွက်ခွာလာရာ နေပြည်တော်သို့ မွန်းလွဲ ၁၂ နာရီ ၅ မိနစ်တွင် ရောက်ရှိပြီး နေပြည်တော်ဘူတာကြီး၌ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကြိုဆိုခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

○ စာမျက်နှာ ၁၃ မှ

**အကယ်ဒမီနေတိုး၊**
**အကယ်ဒမီမေသန်းနု**
**(အကောင်းဆုံးဝတ်စားဆင်ယင်မှု အကြီးတန်းဆု )**

အကယ်ဒမီ ဆုပေးပွဲကြီးမှာ အားလုံးက အလှဆုံး ဝတ်ဆင်လာကြပါတယ်။ ဒီလို အလှဆုံးတွေကြားထဲမှာ အကောင်းဆုံးဝတ်စားဆင်ယင်မှုဆု ရရှိတဲ့အတွက် ဝမ်းသာမိပါတယ်။ အမှတ်ပေးရွေးချယ်ပေးတဲ့ ဒိုင်တွေနဲ့ အားပေးကြတဲ့ ပရိသတ်တွေအားလုံးကို ကျေးဇူးတင်ရှိပါတယ်။ ဒီလို ဆုရရှိအောင် ဝိုင်းဝန်းပံ့ပိုးပေးကြတဲ့ ဒီဇိုင်နာတွေ၊ လှပအောင် ပြင်ဆင်ပေးကြတဲ့ သူတွေကိုလည်း အထူး ကျေးဇူးတင်ရှိပါတယ်။ ဖက်ရှင်ဆု ရရှိဖို့က ကိုယ်ဝတ်တဲ့ဝတ်စုံက မြန်မာ့ရိုးရာယဉ်ကျေးမှုနဲ့ ကိုက်ညီပြီး ဆန်းသစ်ဖို့လိုအပ်ပါတယ်။ ဒီအချက်တွေနဲ့ ကိုက်ညီအောင် ဝတ်ဆင်ပြီး အခမ်းအနားကို တက်ရောက်လာခြင်းဖြစ်ပါတယ်။ ရိုးရာဝတ်စုံတွေ အားလုံးက တန်ဖိုးရှိကြပါတယ်။




အကယ်ဒမီနေတိုး၊ အကယ်ဒမီမေသန်းနု



ကောင်းမြတ်စံ၊ အကယ်ဒမီ ရတနာဗို



အကယ်ဒမီ ဩရသ

**ကောင်းမြတ်စံ၊**
**အကယ်ဒမီ ရတနာဗို**
**(အကောင်းဆုံး ဝတ်စားဆင်ယင်မှုဆု)**

ပထမဦးဆုံး ဝတ်စုံချုပ်ပေးတဲ့ ဒီဇိုင်နာတွေအားလုံးကို ကျေးဇူးတင်ရှိပါတယ်။ ရိုးရာဝတ်စုံနဲ့ ရရှိတဲ့အတွက် ဂုဏ်ယူမိပါတယ်။ ဒီဆုကို မျှော်လင့်ခဲ့ပေမယ့် ရရှိမယ်လို့တော့ မထင်ခဲ့မိပါဘူး။ အမှတ်ပေးရွေးချယ် ပေးခဲ့ကြတဲ့ ဒိုင်တွေနဲ့ ပရိသတ်တွေကို ကျေးဇူးတင်ပါတယ်လို့ ပြောချင်ပါတယ်။ အကောင်းဆုံးဝတ်စားဆင်ယင်မှုဆု ရရှိတဲ့အတွက် ပျော်ရွှင်မိနေတယ်ဆိုရင် ဒီနေ့ပွဲမှာ အကယ်ဒမီဆုတွေကို ဆွတ်ခူးရရှိကြတဲ့ သူတွေဆိုရင် ဘယ်လောက်တောင် ရင်ခုန်စိတ်လှုပ်ရှားနေမလဲ ဆိုတာတွေးပြီး ပျော်ရွှင်နေမိပါတယ်။

**အကယ်ဒမီ ဩရသ**
**(အကောင်းဆုံးဒါရိုက်တာဆု)**

အခုလို အကယ်ဒမီဆုကို ရရှိတဲ့အတွက် ဝမ်းသာပီတိဖြစ်မိပါတယ်။ ဒီဆုက ကျွန်တော့်အတွက် ဒုတိယမြောက်ဆုလို့ ပြောလို့ရပါတယ်။ ဒါကြောင့် အတိုင်းမသိ ပျော်ရွှင်နေမိပါတယ်။ ဒီကားကို အနုပညာရှင်တွေအားလုံး ကြိုးစားပြီး ရိုက်ခဲ့တာ ဖြစ်ပါတယ်။ ဒီဇာတ်ကားရိုက်တုန်းကလည်း အခက်အခဲတွေ အများကြီးရှိခဲ့ပါတယ်။ ဒီနှစ်မှာ ဇာတ်ကားကောင်းတွေ အများကြီးပါဝင်ပြီး ပြိုင်ဆိုင်မှု ပြင်းထန်တယ်လို့ ပြောလို့ရပါတယ်။ ဒီကြားထဲက ဒီဆုကို ရရှိခဲ့တဲ့အတွက် ရှေ့ဆက်ပြီး အကောင်းဆုံးကြိုးစားသွားပါ့မယ်။ အခုက ထပ်ဆင့်အကယ်ဒမီ ဖြစ်သွားတဲ့အတွက် အနုပညာအလုပ်ကို ပိုပြီးကြိုးစားဖို့ လိုသွားပါပြီ။ ကျွန်တော့်ရဲ့ အနုပညာကို အားပေးကြတဲ့ မြန်မာ့ရုပ်ရှင်ချစ်ပရိသတ်တွေကို ကျေးဇူးတင်ရှိပါတယ်။



အကယ်ဒမီ ခိုင်နှင်းဝေ



အကယ်ဒမီ နေမျိုးအောင်



အကယ်ဒမီ ရတနာဗို



အကယ်ဒမီ မြင့်မြတ်

**အကယ်ဒမီ ခိုင်နှင်းဝေ**
**(အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆု)**

ဒီဆုကိုရရှိတဲ့အတွက်အင်မတန် ပျော်ရွှင်မိပါတယ်။ ဆုတက်ယူတဲ့ အချိန်မှာ စိတ်လှုပ်ရှားနေလို့ ကျေးဇူးတင်ထိုက်သူ အားလုံးကို ကျေးဇူးတင်တဲ့အကြောင်း ပြောချင်ပါတယ်။ ကိုယ် သဘောကျတဲ့ ဇာတ်ကားနဲ့ အကယ်ဒမီဆုကို ရရှိတဲ့အတွက် ကျေနပ်မိပါတယ်။ ဒီဆုရရှိခဲ့တာဟာ ကျွန်မ တစ်ယောက်တည်း တော်လို့ မဟုတ်ပါဘူး။ အားလုံးရဲ့ ဝိုင်းဝန်းပံ့ပိုးမှုတွေနဲ့ ပရိသတ်တွေရဲ့ အားပေးမှုတွေကြောင့် ထိုက်တန်စွာ ရရှိခဲ့ခြင်း ဖြစ်ပါတယ်။ ဝမ်းသာလွန်းလို့ မျက်ရည်တောင်ကျမိပါတယ်။ အနုပညာလောကကို ၂၅ နှစ်ကြာဖြတ်သန်းခဲ့ပြီးတော့ အခုလို အကယ်ဒမီဆုကို ရရှိခဲ့တာ ဖြစ်ပါတယ်။

**အကယ်ဒမီ နေမျိုးအောင်**
**(အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆု)**

အကယ်ဒမီဆုကို ဆွတ်ခူးရရှိတဲ့ ခံစားချက်က ဘာနဲ့မှ ဖော်ပြလို့ မရပါဘူး။ အင်မတန် ဝမ်းသာမိပါတယ်။ ကျွန်တော့်ရဲ့ အနုပညာ သက်တမ်းက အနှစ် ၃၀ ရှိပါပြီ။ အခုတော့ ကြိုးစားမှုတွေ အရာထင်ခဲ့ပြီလို့ ပြောလို့ရပါပြီ။ အခမ်းအနားကို အနုပညာရှင်တွေနဲ့ အတူ ရင်ခုန်ဖို့အတွက် တက်ရောက်ခဲ့ခြင်းဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော် ဆုရတယ်လို့ ကြေညာလိုက်တဲ့အချိန်မှာ ပြောမပြတတ်အောင် ဝမ်းသာမိပါတယ်။ ဒီနှစ် ဇာတ်ပို့ဆု ရရှိသူတွေက ဗီဒီယိုလောကခေတ်ကတည်းက အတူတူလက်တွဲပြီး သရုပ်ဆောင်ခဲ့ကြတာ ဖြစ်ပါတယ်။ အခုလို နှစ်တွေကြာမှ ကျွန်တော်တို့ အနုပညာမောင်နှမနှစ်ယောက် အတူတူ ဇာတ်ပို့ဆုကို ရရှိခဲ့တဲ့အတွက် ဂုဏ်ယူမိပါတယ်။ နောက်ထပ်လည်း ပြည်သူတွေအတွက် ဇာတ်ရုပ်မျိုးစုံနဲ့ အနုပညာရသမြောက်အောင် ကြိုးစားသွားမှာပါ။ အားပေးကြတဲ့ ပရိသတ်တွေအားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**အကယ်ဒမီ ရတနာဗို**
**(အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆု)**

ဒီအကယ်ဒမီဆုကို ရရှိတဲ့အတွက် အတိုင်းမသိ ဝမ်းသာမိပါတယ်။ ကိုယ့်ရဲ့ ကြိုးစားမှုတွေ အထမြောက်ခဲ့ပြီလို့ ပြောလို့ရပါတယ်။ ဒီဆုကို ရည်မှန်းထားခဲ့ပေမယ့် စင်ပေါ်မှာ ကိုယ့်နာမည်ခေါ်တဲ့အချိန်အထိ တကယ်ရပြီဆိုတဲ့စိတ်နဲ့ ရင်ခုန် စိတ်လှုပ်ရှားခဲ့ရပါတယ်။ ဒီဆုကို ရရှိတာဟာ ကျေးဇူးရှင် ဆရာသမားအားလုံးရဲ့ ချစ်ခြင်းမေတ္တာတွေနဲ့ ပရိသတ်အားလုံးရဲ့ အားပေးမှုတွေကြောင့် ဖြစ်ပါတယ်။ ဆုရရှိအောင် ဝိုင်းဝန်းပံ့ပိုးပေးကြတဲ့ တတ်သိပညာရှင်တွေ အားလုံးကို လှိုက်လှိုက်လှဲလှဲ ရင်ထဲကနေ ကျေးဇူးတင်ရှိပါတယ်။ ပြီးတော့ ကိုယ့်ရဲ့ စီနီယာ အနုပညာရှင်တွေ အကယ်ဒမီဆုတွေရရှိခဲ့ကြတဲ့အတွက် ထပ်တူ ဝမ်းသာမိပါတယ်။

**အကယ်ဒမီ မြင့်မြတ်**
**(အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆု)**

အခုလို အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆုကို ရရှိတဲ့အတွက် ဝမ်းသာကျေနပ်မိပါတယ်။ ကျွန်တော် အခုဆုရရှိခဲ့တဲ့ ဇာတ်ကားကို အမြဲတမ်းအမှတ်တရရှိနေမှာပါ။ ဒီဇာတ်ကားရဲ့ ဇာတ်ညွှန်းကို စတင်ဖတ်ရှုခဲ့ကတည်းက စိတ်ဝင်စားခဲ့တာပါ။ ဇာတ်ကားရိုက်တုန်းက အခက်အခဲတချို့ ရှိခဲ့ပေမယ့် ကြိုးစားပြီး သရုပ်ဆောင်ခဲ့ပါတယ်။ ပရိသတ်တွေကလည်း ဒီဇာတ်ကားနဲ့ အကယ်ဒမီဆုကို ရစေချင်တယ်။ အခုလို ရရှိခဲ့တဲ့အတွက် ပရိသတ်ဆန္ဒကို ဖြည့်ဆည်းပေးနိုင်ခဲ့ပါပြီ။ ဆုရရှိတဲ့အချိန်မှာ ပထမဆုံး သတိရမိတာကတော့ ကျွန်တော့်ရဲ့ ဆရာတွေပဲဖြစ်ပါတယ်။ ပြီးတော့ ဇာတ်ကားမှာ ပါဝင်ပေးကြတဲ့ အနုပညာရှင်၊ အတတ်ပညာရှင်တွေ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။ ကျွန်တော်ဇာတ်ကားစရိုက်တဲ့ အချိန်ကတည်းက အားပေးလာခဲ့ကြတဲ့ ကျေးဇူးရှင် ပရိသတ်တွေကိုလည်း အထူးပဲ ကျေးဇူးတင်ရှိပါတယ်။

မျိုးဆက်သစ်
ဓာတ်ပုံ-အောင်ကြီး

# နိုင်ငံတကာ အားကစား သတင်းများ



## 2026 Dubai Duty Free Championships တင်းနစ်ပြိုင်ပွဲ ဖေဖော်ဝါရီ ၁၅ ရက်တွင် စတင်သွားမည်

**အဘူဒါဘီ ဖေဖော်ဝါရီ ၇**

ယူအေအီး နိုင်ငံတွင် ကျင်းပမည်ဖြစ်သော နာမည်ကျော် တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Dubai Duty Free Championships တင်းနစ်ပြိုင်ပွဲကို လာမည့် ဖေဖော်ဝါရီ ၁၅ ရက်တွင် စတင်သွားမည် ဖြစ်သည်။

အဆိုပါ 2026 Dubai Duty Free Championships တင်းနစ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၅ ရက်မှ မတ် ၁ ရက်အထိ ၁၅ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2026 Dubai Duty Free Championships တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်ကစားသမား၊ တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

Dubai Duty Free Championships တင်းနစ်ပြိုင်ပွဲ၏ လက်ရှိ ချန်ပီယံမှာ ဂရိတင်းနစ်ကစားသမား StefanosTsitsipas နှင့် ရုရှားတင်းနစ်မယ် Mirra Andreeva တို့ ဖြစ်သည်။

**(အပေါ်ပုံ) (NGB)**

## ဂျိမ်းစ်ရိုဒရီဂွက်ဇ်အား မင်နက်စ်ဆိုတာအသင်း ခေါ်ယူ

**လန်ဒန် ဖေဖော်ဝါရီ ၇**



မေဂျာလိဂ်ကလပ် မင်နက်စ်ဆိုတာအသင်းသည် ဝါရင့်ကွင်းလယ် တိုက်စစ်ကစားသမား ဂျိမ်းစ်ရိုဒရီဂွက်ဇ်အား အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ကွင်းလယ်တိုက်စစ်ကစားသမားသည် ကစားသမားဘဝတစ်လျှောက်တွင် ရီးရဲလ်မက်ဒရစ်၊ ဘိုင်ယန်မြူးနစ်၊ မိုနာကို၊ ပေါ်တိုစသည့်ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာတွင် ကစားခဲ့ဖူးပြီး အတွေ့အကြုံရှိသည့် ဝါရင့်ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် မင်နက်စ်ဆိုတာအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၃၄)နှစ်အရွယ်ရှိ ဂျိမ်းစ်ရိုဒရီဂွက်ဇ်က "ကျွန်တော် မင်နက်စ်ဆိုတာအသင်းကို ရောက်ရှိခဲ့ပါပြီ။ နွေးထွေးစွာကြိုဆိုတဲ့ အသင်းတာဝန်ရှိသူအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်းနဲ့အတူ ရလဒ်ကောင်းတွေလည်း ရယူသွားမှာပါ"ဟု ပြောသည်။

**(အပေါ်ပုံ) (NGB)**

## တိုနာလီအား ခေါ်ယူရန် ဂျူဗင်တပ်အသင်း စိစဉ်

**လန်ဒန် ဖေဖော်ဝါရီ ၇**

ဂျူဗင်တပ်အသင်းသည် နယူးကာဆယ်အသင်း ကွင်းလယ်ကစားသမား တိုနာလီအား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၅)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် နယူးကာဆယ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၉၃ ပွဲကစားပြီး ခုနစ်ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဂျူဗင်တပ်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

နယူးကာဆယ်အသင်းကလည်း တိုနာလီအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ် ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားဖွယ်ရှိသည်။

ထို့ကြောင့် ဂျူဗင်တပ်အသင်းအနေဖြင့် နယူးကာဆယ်အသင်းထံမှ တိုနာလီအား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**(အောက်ပုံ) (NGB)**




## တိုမီနေးအား စာချုပ်သက်တမ်းတိုးရန် နာပိုလီအသင်း စီစဉ်

**မီလန် ဖေဖော်ဝါရီ ၇**

နာပိုလီအသင်းသည် အသင်းကွင်းလယ်ကစားသမား တိုမီနေးအား စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိပြီ ဖြစ်သည်။

အသက်(၂၉)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် နာပိုလီအသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၆၉ပွဲကစားပြီး ၂၂ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် စီစဉ်လာခြင်းဖြစ်သည်။

နာပိုလီအသင်း၏ ထုတ်ပြန်ချက်တွင် "တိုမီနေးကို စာချုပ်သက်တမ်းတိုးဖို့ စီစဉ်နေပါပြီ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။ သူကိုယ်တိုင်ကလည်း အသင်းမှာ ပျော်ရွှင်နေပါတယ်။ စာချုပ်ကိစ္စလည်း မကြာမီရက်ပိုင်းအတွင်း အပြီးသတ်နိုင်တော့မှာပါ"ဟု ထုတ်ပြန်သည်။

**(အောက်ပုံ) (NGB)**




## စပိန် ကိုပါဒယ်ရေးဖလား ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်များ ထွက်ပေါ်

**မက်ဒရစ် ဖေဖော်ဝါရီ ၇**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ စပိန်ကိုပါဒယ်ရေးဖလား ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များ ယှဉ်ပြိုင်ကစားအပြီးတွင် ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်များ ထွက်ပေါ်လာခဲ့ပြီဖြစ်သည်။

စပိန် ကိုပါဒယ်ရေးဖလား ဆီမီးဖိုင်နယ်အဆင့်တွင် ဘာစီလိုနာအသင်းနှင့် အက်သလက်တီကိုမက်ဒရစ်အသင်း၊ ဘီလ်ဘာအိုအသင်းနှင့် ဆိုစီဒက်အသင်းတို့ အသီးသီး တွေ့ဆုံလျက်ရှိသည်။

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ စပိန်ကိုပါဒယ်ရေးဖလား ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ် ပထမအကျော့ကို မတ်(၄၊ ၅)ရက်နှင့် ဒုတိယအကျော့ကို မတ်(၁၂၊ ၁၃)ရက်များတွင် ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ စပိန်ကိုပါဒယ်ရေးဖလား ချန်ပီယံဆုကို ဆွတ်ခူးရန် ဘာစီလိုနာအသင်းက ရေပန်းစားလျက်ရှိသည်။

**(အပေါ်ပုံ) (NGB)**



### အင်္ဂလိပ်ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃၁) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲ ရလဒ်) | ယမန်နှစ် ရလဒ် |
|---|---|---|
| ၈-၂-၂၀၂၆<br>ညနေ ၆:၃၀ နာရီ | (၁၆)ဆွမ်ဆီး - ရှက်ဖီးလ်(Wed)(၂၄)<br>(L,D,W,L,W) (L,L,L,L,L) | ဆွမ်ဆီး ၀-၁ ရှက်ဖီးလ်(Wed)<br>ရှက်ဖီးလ်(Wed) ၀-၀ ဆွမ်ဆီး |

### ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၁) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲ ရလဒ်) | ယမန်နှစ် ရလဒ် |
|---|---|---|
| ၈-၂-၂၀၂၆<br>ည ၈:၃၀ နာရီ | (၁၃)နိစ် - မိုနာကို(၁၀)<br>(W,W,L,D,W) (L,D,D,W,L) | နိစ် ၂-၁ မိုနာကို<br>မိုနာကို ၂-၁ နိစ် |
| ၈-၂-၂၀၂၆<br>ည ၁၀:၄၅ နာရီ | (၁၁)အန်းဂါးစ် - တူးလောစ့်(၈)<br>(L,L,L,D,W) (W,W,W,D,W) | အန်းဂါးစ် ၀-၄ တူးလောစ့်<br>တူးလောစ့် ၁-၁ အန်းဂါးစ် |
| ॥ | (၁၇)အော်ဇေး - ပဲရစ်(၁၄)<br>(L,L,L,L,D) (W,W,D,D,L) | ——— |
| ॥ | (၁၅)လီဟာဗာ - စထားရာဘော့စ်(၇)<br>(L,W,D,D,L) (W,W,W,L,W) | လီဟာဗာ ၀-၃ စထားရာဘော့စ်<br>စထားရာဘော့စ် ၂-၃ လီဟာဗာ |
| ၉-၂-၂၀၂၆<br>နံနက် ၀၂:၁၅ နာရီ | (၁)ပီအက်စ်ဂျီ - မာဆေးလ်(၃)<br>(W,L,W,D,W) (L,W,L,D,W) | ပီအက်စ်ဂျီ ၃-၁ မာဆေးလ်<br>မာဆေးလ် ၀-၃ ပီအက်စ်ဂျီ |

### ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၁) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲ ရလဒ်) | ယမန်နှစ် ရလဒ် |
|---|---|---|
| ၈-၂-၂၀၂၆<br>ည ၉:၀၀ နာရီ | (၁၀)ကိုလုံး - လိုက်ပဇစ်(၅)<br>(D,L,W,L,W) (W,L,W,D,L) | ကိုလုံး ၁-၅ လိုက်ပဇစ်<br>လိုက်ပဇစ် ၆-၀ ကိုလုံး |
| ၈-၂-၂၀၂၆<br>ည ၁၁:၀၀ နာရီ | (၁)ဘိုင်ယန်မြူးနစ် - ဟော်ဖန်ဟိမ်း(၃)<br>(W,W,L,W,D) (W,W,W,W,W) | ဘိုင်ယန်မြူးနစ် ၅-၀ ဟော်ဖန်ဟိမ်း<br>ဟော်ဖန်ဟိမ်း ၀-၄ ဘိုင်ယန်မြူးနစ် |

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၄) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲ ရလဒ်) | ယမန်နှစ် ရလဒ် |
|---|---|---|
| ၈-၂-၂၀၂၆<br>ညနေ ၀၆:၀၀ နာရီ | (၁၀)ဘိုလော့ဂ်နာ - ပါးမား(၁၆)<br>(L,D,L,W,L) (W,D,D,L,L) | ဘိုလော့ဂ်နာ ၀-၀ ပါးမား<br>ပါးမား ၂-၀ ဘိုလော့ဂ်နာ |
| ၈-၂-၂၀၂၆<br>ညနေ ၀၈:၃၀ နာရီ | (၁၇)လက်ချီ - အူဒီးနီစ်(၉)<br>(L,L,L,D,L) (W,D,L,W,W) | လက်ချီ ၀-၁ အူဒီးနီစ်<br>အူဒီးနီစ် ၁-၀ လက်ချီ |
| ၈-၂-၂၀၂၆<br>ညနေ ၁၁:၃၀ နာရီ | (၁၁)ဆက်ဆူအိုလို - အင်တာမီလန်(၁)<br>(L,L,L,W,W) (L,W,W,W,W) | ဆက်ဆူအိုလို ၁-၀ အင်တာမီလန်<br>အင်တာမီလန် ၁-၂ ဆက်ဆူအိုလို |
| ၉-၂-၂၀၂၆<br>နံနက် ၀၂:၁၅ နာရီ | (၄)ဂျူဗင်တပ် - လာဇီယို(၈)<br>(W,W,D,W,L) (D,W,L,D,W) | ဂျူဗင်တပ် ၁-၀ လာဇီယို<br>လာဇီယို ၁-၁ ဂျူဗင်တပ် |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၃) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲ ရလဒ်) | ယမန်နှစ် ရလဒ် |
|---|---|---|
| ၈-၂-၂၀၂၆<br>ည ၇:၃၀ နာရီ | (၁၀)အလာဗက်စ် - ဂီတာဖေး(၁၇)<br>(W,L,W,W,L) (D,L,L,D,D) | အလာဗက်စ် ၀-၁ ဂီတာဖေး<br>ဂီတာဖေး ၂-၀ အလာဗက်စ် |
| ၈-၂-၂၀၂၆<br>ည ၉:၄၅ နာရီ | (၁၁)ဘီလ်ဘာအို - လီဗန်တေး(၁၉)<br>(W,L,L,D,W) (W,D,L,W,D) | ဘီလ်ဘာအို ၃-၁ လီဗန်တေး<br>လီဗန်တေး ၀-၀ ဘီလ်ဘာအို |
| ၉-၂-၂၀၂၆<br>နံနက် ၀၀:၀၀ နာရီ | (၃)အက်သလက်တီကို - ဘက်တစ်(၅)<br>(D,W,L,D,W) (L,L,W,W,L) | အက်သလက်တီကို ၄-၁ ဘက်တစ်<br>ဘက်တစ် ၁-၀ အက်သလက်တီကို |
